

# အောင်ခင်စိုး

## မဆုံးနိုင်သောပုံပြင် နှင့် အခြားပုံပြင်များ



**ကျမ်းကိုး**

- Tales From Kalidasa by S.K. Surveyoruo
- Kalidasa by Sri Aurobindo

** နိုင်ငံတော်၏ ... / ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အောင်ခင်စိုး

## မဆုံးနိုင်သောပုံပြင်နှင့် အခြားပုံပြင်များ

## ကျမ်းကိုး

၁။ Tales from kalidasa by S.K. Surveyoruo.

၂။ Kalidasa by Sri Aurobindo.

## မာတိကာ


၁။ ကလေးမွေးသောယောက်ျားနှင့်
သဲသောင်ပြင်မီးလောင်သော ဥပမာ
၂။ အမတ်ပညာရှိကြီး၏ ဂုဏ်လေးမျိုးနှင့်လူ
၃။ ပညာရှိအမတ်ကြီး၏ အချစ်ဟူသည်
၄။ ဘုန်းကံဟူသည်
၅။ အလျှောက်ကောင်းသောကြောင့်
၆။ ပညာရှိအမတ်ကြီး၏ တူညီသောစိတ်ဟူသည်
၇။ ပညာရှိအမတ်ကြီးနှင့် ဘုရင့်သာရတကျမ်း
၈။ ပညာရှိအမတ်ကြီး၏ အာယုဝဍ္ဎန အသက်ရှည်ဆေး
၉။ ပညာရှိအမတ်ကြီး၏ လောကပါလတရားဖြတ်ထုံး
၁၀။ အမတ်ကြီး၏ မဆုံးနိုင်သောပုံပြင်
၁၁။ ပန်းထိမ်ဆရာဟူသည်
၁၂။ ဘုရင်မင်းမြတ်နှင့် လယ်ယာမြေ
၁၃။ အချောဆုံးအလှဆုံးဟူသည်

## ကလေးမွေးသောယောက်ျားနှင့် သဲသောင်ပြင်မီးလောင်သောဥပမာ

ရှေးလွန်လေပြီးသောအခါ ဘုရင်တစ်ပါးသည် စက်တော်သလွန်ညောင်စောင်း၌ ထိုင်နေတော်မူ၏။

"ငါ၏မှူးမတ်အပေါင်းတို့တွင် ပညာရှိအမတ်ကြီးသည် အလွန်ထူးဆန်းသော ပုဂ္ဂိုလ်ဖြစ်သလို နယ်ရေးနယ်ရာတွင်လည်း သူ့ကို မည်သူမျှ မယှဉ်ပြိုင်နိုင်ကြပေ၊ ဤဟာသည် မည်သည့်အရာဖြစ်သည်ဟု အတပ်ပြောနိုင်သကဲ့သို့ ခက်ခဲနက်နဲသော ပြဿနာရပ်များကို တစ်မုဟုတ်ချင်း ဖြေကြားနိုင်စွမ်းရှိဘိ၏။ အမိုက်တိုက်တွင် ခရီးလမ်းမှားနေသူကို ဆီမီးတန်ဆောင်အလင်းရောင်ဖြင့် လက်ကိုကိုင်ဆွဲ၍ လမ်းပဲဟု ညွှန်ပြနိုင်ဘိ၏။ အလွှန်

လျှင် ပါရမီထူးဘိ၏။ ငါကိုယ်တော်သည် အမတ်ပညာရှိကြီး မဖြေကြားနိုင်အောင် ပြဿနာရပ်အမျိုးမျိုး ဖန်တီး၍ မေးတော်မူသော်လည်း အလွယ်မျှနှင့် ဖြေကြားတော်မူခဲ့၏။ ဒီတစ်ခါလည်း အမတ်ကြီးအား ပရိသတ်ဗိုလ်ပုံအလယ်မှာ မဖြေနိုင်သော ပြဿနာမေးပြီး အရှက်တကွဲဖြစ်အောင် လုပ်မည်''

စဉ်းစားတော်မူ၍ အချိန်ကိုကုန်လွန်စေခဲ့၏။

နောက်တစ်နေ့နံနက် ညီလာခံအချိန်သို့ရောက်သောအခါ ဘုရင်မင်းမြတ်သည် မိမိတွေးထားခဲ့သော ပြဿနာကို မေးချင်လှပြီဖြစ်၍ အလုံးစုံသော မှူးမတ်များမရောက်ရှိမီ ရောက်နှင့်လျက် ရှိနေ၏။ မှူးကြီးမတ်ရာစုံလင်သောအခါ မင်းမှုကိစ္စတို့ကို ကြားနာစစ်ဆေးစေတော်မူပြီးနောက် ဘုရင်မင်းမြတ်သည် ပညာရှိ အမတ်ကြီးဘက်သို့ လှည့်တော်မူကာ ...

''ဝရဇိန်သွားကဲ့သို့ ထက်မြက်သော ဆုထူးပန်ပညာရှိပေသော အမတ်ပညာရှိကြီး ... ငါကိုယ်တော်မြတ်သည် စိတ်တော် မကြည်မလင် ဖြစ်နေဘိ၏။ မင်းရာမ၏ အမျိုးအနွယ် မင်းစဉ်မင်းဆက် ရာဇဝံသကို ငါကိုယ်တော်မြတ်အား အကျဉ်းအားဖြင့် လျှောက်တင်ဘိလော့''

ထိုအခါ ပညာရှိအမတ်ကြီး၏ စိတ်တွင်မူ ...

ကျော်စွာစာပေ

"ဘုရင်မင်းမြတ်သည် ယနေ့ ထူးခြားလှဘိ၏၊ ခါတိုင်း ဆိုလျှင် ငါ့ကို အမတ်ပညာရှိကြီးဟူ၍သာ ခေါ်တော်မူသည်၊ ယနေ့ ဝရဇိန်သွားကဲ့သို့ဟု ဝိသေသပြု၍ ဆိုဘိ၏၊ မင်းရာမ၏ ရာဇသံကိုလည်း သူကိုယ်တိုင် သိပြီးဖြစ်၏၊ ငါ့အား ပြဿနာ တစ်ခုခုကို မေးလိုဟန်ရှိဘိ၏။

စဉ်းစားလျက် ပရိသတ်ဗိုလ်ပုံအလယ်မှာပင် မင်းရာမ၏ ရာဇဝင်ကို အကျဉ်းချုံး၍ ...

"ရေမြေ့သခင် ပြည့်ရှင်မင်းမြတ် ... ခတ္တိယအမျိုးတို့ တွင် နှစ်ခုသောအမျိုးအနွယ်သည် အလွန်ထင်ရှားကျော်စောခဲ့ ပါသည် ဘုရား၊ တစ်မျိုးမှာ သူရိယဝံသဖြစ်၍ နောက်တစ်မျိုးမှာ ဆန္ဒဝံသ ဖြစ်ပါသည်၊ အစပထမတွင် ခတ္တိယအမျိုးအနွယ်ကို သူရိယခတ္တိယဟု ခေါ်ပါသည် အရှင်မင်းမြတ်၊ နောက်မှတစ်ဖန် ဆန္ဒဝံသဟု ကွဲထွက်လာပါသည်၊ မင်းရာမအလောင်းတော်သည် သူရိယဝံသအမျိုးအနွယ် ဖြစ်ပါ၏၊ သူရိယဝံသဘုရင်တို့၏ တိုင်းနိုင်ငံကို 'အဝဓ' (ယခု အယုဒ္ဓယမြို့တော်) မည်စေပါသည်၊ ဘုရင်မှာ ယုဝနာရွရ၏သားတော် မံဓာတာ ဖြစ်ပါသည် အရှင် မင်းမြတ် ...၊

မံဓာတာဘုရင်၏ ပဋိသန္ဓေတည်နေခြင်း၊ ဖွားမြင်ခြင်း

သည် အလွန်ဆန်းကြယ်လှပါသည် ဘုရား၊ ယုဝနာရွှရရင်သည် သားသမီးမရနိုင်သည့်အတွက် ယဇ်ပွဲကို ကျင်းပပါသည်၊ ယုဝနာရွှရာဘုရင်သည် ယဇ်မဏ္ဍပ်တွင် အိပ်ပျော်နေရာမှ နိုးလတ်သော် အလွန်ဆာလောင်မွတ်သိပ်သောကြောင့် မိဖုရားများ ပဋိသန္ဓေတည်နေရန် စီမံထားသောယဇ်ရေကို သောက်မိပြီး ယောက်ျားတန်မဲ့ ပဋိပန္ဓေနေရပါသည် အရှင်မင်းမြတ်၊ ထိုပဋိသန္ဓေမှရသော သားသည် မံဓာတာအမည် ရှိပါသည်၊ မံဓာတာ၏သားတော်သည် ဒွိလိပအမည်ရှိပါ၏၊ ဒွိလိပ၏သားသည် ရယုဟုအမည် ရှိ၏၊ ရယု၏သားသည် အဇအမည်ရှိရ၏၊ အဇ၏သားတော်သည် ဒသရထဖြစ်ပါ၏၊ ဒသရထဘုရင်တွင် ကောက်ရှိလယာ, ကိကေယီ, သုမိတ္တာဆိုတဲ့ မိဖုရားသုံးပါးရှိတဲ့အနက် မင်းရာမကို ကောက်ရှိလယာမှ ဖွားမြင်တော်မူခြင်းဖြစ်ပါသည်၊ ဤသည်ပင် မင်းရာမ၏ ရာဇာဝံသပင်ဖြစ်ပါတယ် အရှင်မင်းမြတ်''

လျှောက်တင်လေသည်။

ထိုအခါ ဘုရင်မင်းမြတ်က ...

''အို အမတ်ပညာရှိကြီး ... သင်လျှောက်ထားသော စကားတို့တွင် မံဓာတာဘုရင်သည် ယောက်ျားမှ မွေးဖွားသော

သားဖြစ်သည်ဟု ဆိုဘိ၏၊ မိန်းမများသာ ပဋိသန္ဓေနေရိုးထုံးစံ ရှိပါလျက် ယောက်ျားက ပဋိသန္ဓေနေရခြင်းဖြစ်သည်၊ တန်ခိုးရှိသော မွေးစအခါက နတ်ဆရာများ၏ အစွမ်းပင်ဖြစ်တော့၏၊ ယခု ငါကိုယ်တော်မြတ်၏လက်ထက်တွင် ယောက်ျားက ပဋိသန္ဓေနေခြင်းကို မြင်တော်မူလိုဘိ၏၊ ငါကိုယ်တော်မြတ်အား ယနေ့မှစ၍ သုံးရက်အတွင်း ဆက်သရမည်၊ အကယ်၍ သုံးရက်အတွင်း မဆက်သနိုင်က သင် အမတ်ကြီးကို ကြီးလေးသော အပြစ်ဒဏ် ပေးတော်မူမည်''

မိန့်တော်မူလေသည်။

ဘုရင်မင်းမြတ်၏အမိန့်တော်ကို နာခံရသောအခါ ပညာရှိအမတ်ကြီးမှာ အကြံရကျပ်သွားဘိ၏။ အခြားမှူးကြီးမတ်ရာတို့မှာ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးကို နှိပ်စက်လိုသောကြောင့် မဖြေနိုင်သည်ကို ခိုင်းစေခြင်းဖြစ်၏။ အမတ်ကြီး မည်သို့မည်ပုံ ဖြေရှင်းမည်ကို စောင့်ကြည့်ရပေတော့မည်ဟု အချင်းချင်း တီးတိုးတိုင်ပင်နေကြလေသည်။

ညီလာခံပြီးသောအခါ ပညာရှိအမတ်ကြီးသည် တည်ငြိမ်အေးဆေးစွာပင် အိမ်သို့ပြန်ခဲ့လေသည်။

''ဘုရင်မင်းမြတ်သည် ငါ့အား မေးပြန်လေပြီ၊ ငါသည်

ဘုရင်မင်းမြတ်ကို ဒီတစ်ခါလည်း အရှုံးလုပ်ရပေဦးအံ့"

စဉ်းစားလျက် ချိန်းဆိုထားသည့်အတိုင်း သုံးရက်စေ့မည့်နေ့ကိုသာ စောင့်ဆိုင်းနေလေသည်။

ပညာရှိအမတ်ကြီးအား မလိုမုန်းထားသော မှူးမတ်များသည် အမတ်ကြီးအား ကြီးလေးသောအပြစ်တော်ပေးသည်ကို ကြည့်လိုမြင်လိုနေကြသည်။ ထို့အပြင် ယောက်ျားက ကလေးမွေးပြရသည်ဟူသော သတင်းသည် နေပြည်တော်တစ်ဝန်းလုံး အနှံ့အပြား ကျော်ကြားရှသွားသဖြင့် စိတ်ပါဝင်စားသော တိုင်းသူပြည်သားများလည်း ပညာရှိအမတ်ကြီး၏ ပညာစွမ်းကိုကြည့်ရန် နန်းတော်သို့သွားရန် စီမံစိုင်းပြင်းနေကြတော့သည်။

ချိန်းဆိုထားသော သုံးရက်ကား စေ့လေပြီ။

ဘုရင်မင်းမြတ်၏ ညီလာခံနန်းရင်ပြင်သည်လည်း လျှံနေတော့သည်။ ညီလာခံအချိန် စေ့ရောက်ခဲ့သော်လည်း ပညာရှိအမတ်ကြီးမှာ ရောက်မလာသေးပေ။ ညီလာခံအချိန်သည်ပင် ပြီးဆုံးခါနီးတိုင်အောင် ပညာရှိအမတ်ကြီး ရောက်မလာသောကြောင့် နန်းရင်ပြင်ရှိ မှူးကြီးမတ်ရာများနှင့် ပရိသတ်တို့မှာ ပညာရှိအမတ်ကြီးအား အမျိုးမျိုး ဝေဖန်နေကြလေသည်။

ပညာရှိအမတ်ကြီးသည် ပြဿနာကို မဖြေရှင်းနိုင်၍

ရုပ်ဖျက်ထွက်သွားပြီဟူ၍လည်းကောင်း၊ မိမိကိုယ်ကိုယ် သတ်သေသွားပြီဟူ၍ လည်းကောင်း၊ အမျိုးမျိုးထင်ကြေးပေး ပြောဆိုနေကြ၏။ ထိုစဉ်မှာပင် ပညာရှိအမတ်ကြီးသည် တစ်ကိုယ်လုံး ရေများ ရွဲရွဲစိုလျက် ရွှံ့များလိမ်းကျံကာ လက်၌ ခြင်းတောင်းတစ်လုံးကိုကိုင်ရင်း ညီလာခံနန်းရင်ပြင် ပရိသတ်အလယ်သို့ ဝင်ရောက်လာလေသည်။

ပညာရှိအမတ်ကြီးသည် မိမိခစားရမည့်နေရာထက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘုရင်မင်းမြတ်ကို အရိုအသေပြုပြီး မောပန်းနွမ်းနယ်နေဟန်ဖြင့် ခစားနေလိုက်၏။

ပညာရှိအမတ်ကြီးကို မြင်တော်မူသော ဘုရင်မင်းမြတ်က ...

"အို အမတ်ပညာရှိကြီး ... အသို့နည်း၊ နောက်ကျလွန်းလှဘိချေသည်၊ ပြဿနာမဖြေနိုင်လျှင်လည်း သော့သော့ပင် အရှုံးပေး၍ အပြစ်ဒဏ်ခံလေသလော၊ အကြိမ်တိုင်း အခါတိုင်း အနိုင်ယူချင်ပေမယ့် ဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း"

မခံချိမခံသာ မိန့်တော်မူလိုက်လေသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အို ပြည့်ရှင်မင်းမြတ် ... ကျွန်တော်မျိုးသည် အရှင်

မင်းမြတ်၏ ပြဿနာအမေးကို ဖြေဆိုရန် တိကျသောအချိန်ကပင် အိမ်ကထွက်ခဲ့ပါတယ် ဘုရား၊ အရှင်မင်းမြတ် ရွှေနန်းတော်သို့ လာစဉ် လမ်းခရီးမှာ ခရီးသည်တစ်ယောက်က မြစ်တွင်း သဲသောင်ပြင်ကို မီးလောင်နေပါတယ်, ကူညီပြီး မီးကိုသတ်ပေးပါ, ကျွန်တော်မျိုးတို့ အမြတ်တနိုးထားတဲ့ မြစ်ကြီးတစ်ခုလုံး ပျက်စီးရပါတော့မယ်လို့ အကြောင်းကြားချက်အရ လိုက်သွားရပါတယ် အရှင်မင်းမြတ်၊ မြစ်တွင်းက ရေများကိုလည်း ပေါဒီက ခြင်းတောင်းနဲ့ပဲ ခပ်ပြီးငြိမ်းနေရပါတယ် အရှင်မင်းမြတ်၊ ကျွန်တော်မျိုး၏တစ်ကိုယ်လုံးအဖြစ်ကိုသာ ရှုစားတော်မူစေလိုပါတယ် ဘုရား၊ ဒါကြောင့် ညီလာခံဝင်အချိန် နောက်ကျခဲ့ရသည်ကို သည်းခံတော်မူစေလိုပါတယ် အရှင်မင်းမြတ်''

လျှောက်တင်လိုက်လေသည်။

ပညာရှိအမတ်ကြီး၏စကားကို ကြားတော်မူသောအခါ ဘုရင်မင်းမြတ်လည်း ပြုံးရယ်တော်မူပြီး ...

''အို အမတ်ပညာရှိကြီး ... သင်ရူးနေဘိသလော၊ သဲသောင်ပြင်ကို ဘယ်မီးက လောင်နိုင်ပါအံ့နည်း၊ သင်၏လက်ထဲက ခြင်းတောင်းနှင့်ရေကို ခပ်ယူလို့ကော ရနိုင်ပါမည်လော''

မိန့်တော်မူလိုက်၏။

ကျော်စွာစာပေ

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အို ရေမြေ့သခင်ပြည့်ရှင်မင်းမြတ် ... ယောက်ျားက ကလေးမွေးနိုင်လျှင် ကျွန်တော်မျိုးလျှောက်ထားသော စကား လည်း ဖြစ်နိုင်ပါတယ် အရှင်မင်းမြတ်၊ ကျွန်တော်မျိုး လျှောက် ထားသောစကားသည် အရူးစကားဖြစ်လျှင် အရှင်မင်းမြတ်ခိုင်း စေသော ယောက်ျားတန်မဲ့က ကလေးမွေးဖွားအောင် ပြုလုပ်ရ မည်ဟူသော အမိန့်တော်သည်လည်း အမိန့်ရူးသာ ဖြစ်ပါလိမ့် မည် အရှင်မင်းမြတ်"

ထိုသို့ ပညာရှိအမတ်ကြီးက ဘုရင်မင်းမြတ်အား လျှောက်ထားသောစကားကို ကြားရသောအခါ နန်းရင်ပြင်ရှိ မင်းပရိသတ်အားလုံးတို့လည်း ပွဲတင်ထပ်မျှ ရယ်မောကြလေ တော့သည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်လည်း ရယ်မောတော် မူပြီး အတွင်းဆောင်သို့ ဝင်တော်မူလေသတည်း။

❋ ❋ ❋

## အမတ်ပညာရှိကြီး၏ ဂုဏ်လေးမျိုးနှင့်လူ

တစ်နေ့သောအခါတွင် ဘုရင်မင်းမြတ်သည် မိမိ၏ မြေးတော်ငယ်ကလေးနှင့်အတူ နန်းတော်ဆောင် ဝရန်တာတစ်ခုတွင် ပျော်ရွှင်ကြည်နူးလျက်ရှိနေ၏။ ထိုစဉ်မှာပင် ပညာရှိအမတ်ကြီးလည်း ဘုရင်မင်းမြတ်ရှေ့တော်မှောက်သို့ ရောက်လာလေသည်။ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် လှိုက်လှဲစွာ နှုတ်ခွန်းဆက်တော်မူလေ၏။ ပြီးမှ ...

"အို အမတ်ပညာရှိကြီး ... ငါကိုယ်တော်သည် သင့်ကို မေးမြန်းအံ့ဟူ၍ ပြဿနာတစ်ခုကို မနေ့ကပင် စဉ်းစားထား

ဘိ၏ ထိုပြဿနာကို ပြေလည်အောင် သင် ဖြေရှင်းပေးပါဘိလော့၊ လူတစ်ဦးတစ်ယောက်တည်းက အလှူခံထိုက်သောဂုဏ်၊ ထမင်းချက်သမားဂုဏ်၊ စတုဒိသာရေချမ်းအိုးကဲ့သို့သောဂုဏ်၊ မြည်းကဲ့သို့သော ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်နိုင်သောဂုဏ်ဟူ၍ ဂုဏ်ပုဒ်လေးမျိုးရှိသော ပုဂ္ဂိုလ်မျိုးကို ရှာဖွေကာ ငါ၏ရှေ့တော်မှောက်သို့ ခေါ်ဆောင်ပြသပါဘိလော့"

စေခိုင်းတော်မူလေသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"မှန်လှပါ အရှင်မင်းမြတ် ... အရှင်မင်းမြတ်၏ဂုဏ်တော်လေးပါးနှင့်ပြည့်စုံသူကို သက်သေသာခကေနှင့် နက်ဖြန်ညီလာခံအမီ ရှာဖွေဆက်သပါမည် ဘုရား"

လျှောက်ထားပြီးလျှင် နန်းတော်ဆောင်မှ မိမိအိမ်သို့ပြန်လာခဲ့လေသည်။

ပညာရှိအမတ်ကြီးသည် အိမ်အပြန်လမ်းတွင် ဆင်းရဲသော ပုဏ္ဏားတစ်ယောက်၏အိမ်သို့ ဝင်ပြီး ...

"အို ပုဏ္ဏား ... နက်ဖြန်နံနက် နေထန်းတစ်ဖျားအချိန်တွင် သင်သည် ကျွန်ုပ်တို့နှင့်အတူ ဘုရင်မင်းမြတ်၏ညီလာခံနန်းဆောင်သို့ လိုက်ခဲ့ဘိလော့၊ သင့်အား အပြန်တွင် ပေးကမ်း

လှူဒါန်းပါအံ့''

ပုဏ္ဏားလည်း ဝမ်းမြောက်ဝမ်းသာ လိုက်ပါမည့် အကြောင်း ဝန်ခံကတိပြုလေသည်။

နောက်တစ်နေ့နံနက် ၁၀ နာရီခန့်ရောက်လျှင် နန်းတော်တွင်း ညီလာခံနန်းဆောင်သို့ ဝင်လာခဲ့ကြသည်။ ဘုရင်မင်းမြတ်လည်း ပညာရှိအမတ်ကြီးကို မြင်တော်မူသည်နှင့် တစ်ပြိုင်နက် ...

''အမတ်ပညာရှိကြီး ... ငါကိုယ်တော်မြတ် မေးသော ပြဿနာကို ဖြေကြားရန် အသင့်ဖြစ်ပါပြီလော''

မေးတော်မူလေသည်။

ထိုအခါ ပညာရှိအမတ်ကြီးသည် မိမိနှင့်ပါလာသူ ပုဏ္ဏားကို လက်ညှိုးညွှန်လျက် ...

''အရှင်မင်းကြီး ... ဂုဏ်ပုဒ်လေးမျိုးရှိသောသူမှာ ဤပုဏ္ဏားပင် ဖြစ်ဘိ၏။ ဤပုဏ္ဏားသည် ဖြဟ္မဏမျိုးဖြစ်သဖြင့် သူ့အား မည်သူမဆို လှူဒါန်းပူဇော်ထိုက်သော ဂုဏ်ဖြစ်ပါ၏။ မည်သည့်အမျိုး, မည်သည့်ဇာတ်ကမဆို လှူဒါန်းလိုပါက အလှူခံနိုင်ဘိ၏။ ထို့ကြောင့် ဤပုဏ္ဏားသည် ပထမအချက်ဖြစ်သော အလှူခံထိုက်သော ဂုဏ်ရှိပါဘိ၏ ...၊

ထိုမှတစ်ပါး ဤပုဏ္ဏားသည် သူတစ်ပါး ချက်ပြုတ်ကျွေးမွေးသည်ကိုမူကား မစားမသောက်ရပေ၊ မိမိကိုယ်တိုင်သာလျှင် ချက်ပြုတ်စားသောက်ရ၏၊ သို့သော် ဤပုဏ္ဏားက ချက်ပြုတ်ကျွေးမွေးသောအစာကို မည်သူမဆို စားသောက်နိုင်ကြဘိ၏၊ ထို့ကြောင့် ဤပုဏ္ဏားသည် ဒုတိယအချက်ဖြစ်သော ထမင်းချက်သမားဂုဏ်နှင့်ပြည့်စုံသူပင် ဖြစ်ပါဘိသည် ...၊

အို အရှင်မင်းမြတ် ... ဗြဟ္မဏလူမျိုးများသည် ဇာတ်မတူသောလူများ၏ အိမ်မှရေကိုမူကား မသောက်ကြရပါ၊ လမ်းမခရီးတွင် ကုသိုလ်အလို့ငှာ တည်ထားသော ရေချမ်းစင်မှ ရေကိုသောက်လည်းသောက်သုံးခြင်း မပြုရကြပါ၊ သို့သော် ဤပုဏ္ဏားလက်မှ ပေးသောရေကိုမူ မည်သူမဆို နှစ်ခြိုက်စွာ သောက်သုံးနိုင်ကြပါ၏၊ ထို့ကြောင့် ဤပုဏ္ဏားသည် တတိယအချက်ဖြစ်သော စတုဒီသာရေချမ်းစင်ဂုဏ်နှင့် ပြည့်စုံနေပါ၏ ...၊

အရှင်မင်းမြတ် ... ဤပုဏ္ဏားသည် အသက်မွေးဝမ်းကျောင်းအတွက် ဗေဒင်ဟောခြင်း၊ ဘိသိက်သွန်းခြင်း၊ အလှူခံခြင်းတို့ဖြင့်သာ အသက်မွေးမြူရဘိ၏၊ ဤသို့သော ပရိယေသနဝမ်းစာကိစ္စသည် တစ်နေရာတည်း၌ မပြည့်စုံနိုင်ပါ၊ အရပ်လေးမျက်နှာသို့ လှည့်လည်သွားလာလေ့ရှိပါ၏၊ ထိုသို့သောအခါ

ကျော်စွာစာပေ

မျိုးတွင် ဤပုဏ္ဏားသည် မိမိဝန်ထုပ်ဝန်ပိုးကို မြည်းကဲ့သို့ ဝန်တင်ဆောင်၍ သွားလေ့ရှိပါ၏။ ထို့ကြောင့် ဤပုဏ္ဏားသည် စတုတ္ထအချက်ဖြစ်သော မြည်းကဲ့သို့ ဝန်ထုပ်ဝန်ပိုးကို ဆောင်နိုင်သောဂုဏ် ရှိပါ၏ ...၊

အို အရှင်မင်းမြတ် ... မေးမြန်းတော်မူအပ်သော ဂုဏ်လေးမျိုးရှိသည့်ပုဂ္ဂိုလ်မှာ ဤပုဏ္ဏားတစ်ဦးတည်းနှင့်ပင် ပြည့်စုံနေပါသည် ဘုရား''

ဘုရင်မင်းမြတ်လည်း ပညာရှိအမတ်ကြီး လျှောက်တင်ချက်ကို များစွာဝမ်းမြောက်တော်မူပြီး ပညာရှိအမတ်ကြီးနှင့် ပုဏ္ဏားကြီးတို့အား ဆုတော်လာဘ်တော်များ ပေးသနားတော်မူလေသတည်း။

❋ ❋ ❋

## ပညာရှိအမတ်ကြီး၏ အချစ်ဟူသည်

တစ်နေ့သောအခါတွင် ဘုရင်မင်းမြတ်သည် တောလက်ကျေးရွာ ဇနပုဒ်များသို့ တစ်ကိုယ်တော်တည်း ရုပ်ဖျက်၍ စနည်းနာရန် ခရီးရှည်ထွက်တော်မူခဲ့၏။ ထိုကိစ္စကို ပညာရှိအမတ်ကြီးကိုသာလျှင် အသိပေးထားခဲ့လေသည်။

ထိုသို့ တောလက်ကျေးရွာဇနပုဒ်ဆီသို့ စနည်းနာထွက်ရခြင်းမှာလည်း တောလက်ကျေးရွာများ၌ လက်ရှိ ဖြစ်ပျက်နေသော အခြေအနေများကိုလည်းကောင်း၊ ကျေးလက်ဇနပုဒ်သားတို့ ခံစားနေရပုံများကိုလည်းကောင်း၊ အာဏာအပ်နှင်းထားခြင်းခံသော မြို့စား နယ်စား၊ ကလန် သံပျင်တို့က ဆင်းရဲသားများ

အပေါ်တွင် မတရားလုပ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းမှုပြုခြင်းတို့မှ ကင်းဝေးစေရန်အတွက်လည်းကောင်း၊ ကျေးလက်ဇနပုဒ်သားတို့၏လိုလားတောင့်တအပ်သော အလိုဆန္ဒ စသည်တို့ကို ပြုပြင်ဖြည့်စွက်ပေးရန်အတွက်ပင် ဖြစ်၏။

ဘုရင်မင်းမြတ်သည် ဓားများကို ပခုံးတွင်လွယ်၍ ဓားရောင်းသော ယောက်ျားကြီးအသွင်ဖြင့် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် မိမိစုံစမ်းလိုသော အချက်အလက်များကို ရပ်ရွာရှိ ကလေးသူငယ်တို့အား အများအားဖြင့် မေးမြန်းစုံစမ်းလေ့ရှိ၏။

ညအခါများတွင်မူ ရွာစွန်ရွာဖျားရှိ ဇရပ်များတွင်သာ လှည့်လည်လာခဲ့ရာမှ ဆိတ်များမွေးမြူခြင်းဖြင့် အသက်မွေးသော သူဌေးကန်ရွာသို့ ရောက်လာခဲ့လေသည်။

အချိန်မှာလည်း အနောက်ဂေါယာကျွန်းသို့ ယွန်းလုလု အချိန်ဖြစ်၏။ နေဝင်ဆည်းဆာ၏ ရွှေဝါရောင်နုနုကလေးသည်ပင် သစ်ရွက်များပေါ်သို့ ပက်ဖျန်းလျက်ရှိသောကြောင့် သူဌေးကန်ရွာလေးမှာ အလှကျက်သရေဖြာလျက်ရှိနေပေသည်။ အရပ်ဆိုး အကျည်းတန်သူများပင် ပုံသွင်ရုပ်ရေ ကြည်လင်လှပလာကြသည်ဟု ထင်နေရသောအချိန်ပင်ဖြစ်၏။

ဤသို့ ဆည်းဆာရောင် လွှမ်းသောအခါ ဘာနုရာဇာ

နေမင်း၏ ဆေးပန်းချီလက်စွမ်းသည် အလွမ်းဓာတ်ခံရှိသူတို့အား အဆွေးဓာတ်ကို တပ်လှန့်၍ နှိုးလိုက်သကဲ့သို့ ရှိနေပေတော့သည်။

ဘုရင်မင်းမြတ်သည် အချိန်လင့်နေပြီဖြစ်၍ ရှေ့ခရီးဆက်ရန် မဖြစ်တော့ပေ။ ထို့ကြောင့် သူ့ဒွေးကန်ရွာကလေးမှာပင် တစ်ညတာတည်းခိုရန် စဉ်းစားရင်း ရွာအနီးသို့ ကပ်လာခဲ့လေသည်။ ရွာနှင့်မလှမ်းမကမ်းသို့ ရောက်သောအခါ ဆိတ်များကို မောင်းနှင်လာသော ဂေါရီအရွယ် နုနယ်လှပ အပျိုဖော်ဝင်စ အလှမယ်ကလေးတစ်ဦးနှင့် မျက်နှာချင်းဆိုင် တွေ့တော်မူလေသည်။

ထိုအမျိုးသမီးလေးမှာ နေဝင်ဆည်းဆာရောင်အောက်တွင် အလှကျက်သရေများ မို့မောက်လျက်ရှိနေ၏။ သူမ၏ အညိုရောင်ဆံပင်နုကလေးတို့သည် နီကြန့်ကြန့်ဖြစ်နေလျက် သူမ၏ ဖြူဖွေးလှပသော ပါးအို့ကလေးတို့မှာလည်း ကြက်သွေးရောင် သန်း၍နေ၏။

ဘုရင်မင်းမြတ်လည်း ထိုသူငယ်မအား အလွန်ချစ်စဖွယ်ကောင်းလှသော ယမင်းရုပ်ကလေးတမျှ ဟူ၍သာ ထင်မှတ်တော်မူရှာ၏။ သို့နှင့် ဘုရင်မင်းမြတ်သည် ကလေးမကလေး

အနီးသို့ ချဉ်းကပ်ပြီးလျှင် မေးမြန်းစုံစမ်းတော်မူလေသည်။

ထိုသို့ မေးမြန်းစုံစမ်းနေစဉ်မှာပင် နေမင်းသည် ဘုရင်မင်းမြတ်နှင့် သူငယ်မကလေးတို့အား လွတ်လပ်စွာ စကားပြောဆိုရန် ရှောင်ပေးသကဲ့သို့ အနောက်ဂေါရာကျွန်းသို့ ယွန်း၍သွားလေတော့၏။

ထိုအခါ မိန်းမငယ်လေးသည် နေလုံးကလည်း ပျောက်၊ တစ်စုံတစ်ယောက်သောယောကျ်ားကြီးတစ်ဦး၏ ရှေ့မှောက်တွင် မိန်းမသားတစ်ယောက်တည်း ရှိနေသောကြောင့် ကလေးသူငယ်တို့ အကြောက်မျိုးသာမက အပျိုဝင်စတစ်ဦး၏ အကြောက်မျိုးသို့ ကူးပြောင်းလျက် ရန်သူ့လက်၌ ဆင်းသက်ခဲ့ရသော သမင်မငယ်ပမာ များစွာပင် ကြောက်လန့်တုန်လှုပ်လျက်နေရာမှ ဘုရင်မင်းမြတ်၏အမေးစကားကို မဝံ့တဝံ့နှင့် ဖြစ်နေလေသည်။

ဘုရင်မင်းမြတ်သည် ကလေးမကလေး၏ ကြောက်လန့်တုန်လှုပ်ရင်ခုန်နေသော အမူအရာကို မြင်တော်မူသောအခါ ထိုသူငယ်မအား ပို၍ပင် ခင်တွယ်စရာလိုလို ဖြစ်လာခဲ့၏။

သို့သော် မိမိမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူဖြစ်သောကြောင့်လည်းကောင်း၊ အရွယ်ချင်း မမျှသောကြောင့်လည်းကောင်း မကြံအပ်၊ မစည်ကောင်းသဖြင့် မိမိရင်ထဲက အချစ်စိတ်

ကို တရားနှင့် နှိပ်ကွပ်လျက် ...

"အို သူငယ်မ ... ငါကား, ဓားရောင်းအသက်မွေးသူ ဖြစ်ပါ၏၊ အချိန်မဲ့ပြီး အသိအကျွမ်းလည်း မရှိသောကြောင့် တစ်ညတာ တည်းခိုရန် သင့်အိမ်သို့ လိုက်ပါတည်းခိုပါရစေ"

တောင်းပန်စကား ပြောကြားတော်မူလိုက်သည်။

ထိုအခါ သူငယ်မကလေးမှာ ကြောက်လန့်စိတ်များ ပျောက်ကာ ကရုဏာစိတ်ဖြစ်လာပြီးလျှင် မိမိနေအိမ်သို့ ခေါ်လာခဲ့လေသည်။ ဘုရင်မင်းမြတ်လည်း သူငယ်မလေး၏ မိဘများပါ သဘောတူသဖြင့် ထိုနေ့ညအဖို့ တစ်ညတာမျှ တည်းခိုခွင့်ရလေသည်။

နံနက်မိုးသောက်သောအခါ ကလေးမလေးသည် ဘုရင်မင်းမြတ်အား စားသောက်စရာများဖြင့် ကောင်းမွန်စွာ ကျွေးမွေးပြုစု ညည့်ခံ၏။ ထို့ပြင် တီတီတာတာဖြင့် ချိုသာစွာသောအသံကလေးဖြင့် ပြောနေပြန်၏။

ကလေးမလေး၏ ဤသို့ ယုယမှုအပြင် အဆင်းဓာတ်ကလည်း ဆွဲဆောင်နေမှုကြောင့် ဘုရင်မင်းမြတ်သည် သူဌေးကန်ရွာကလေးတွင် ခုနစ်ရက်မျှ အချိန်ကုန်လွန်ခဲ့ရသည်။

ထို့နောက်မှ မိမိ၏ဘုရင်မင်းမြတ်အဖြစ်ကို သတိရတော်

မူကာ ထိုရွာမှထွက်ခွာရန် စိတ်ကိုတင်းလျက် ဆုံးဖြတ်လိုက်ရလေသည်။

သို့နှင့် ဘုရင်မင်းမြတ်သည် ရွှေမြို့တော်သို့ ပြန်လည်ရောက်ရှိလာခဲ့ရသော်လည်း ကလေးမကလေး၏ ရှုပါရုံ၌သာ စွဲလမ်းတော်မူလျက်ရှိရာ နေ့စဉ်နှင့်အမျှ စားမဝင် အိပ်မပျော်ဖြစ်လျက် တမှိုင်မှိုင် တတွေတွေ ရှိနေတော်မူ၏။

ဘုရင်မင်းမြတ်သည် ပညာရှိတစ်ဦးဖြစ်သဖြင့် စိတ်ရိုင်းစိတ်ယုတ်တို့ကို တရားတည်းဟူသော ချွန်းနှင့်အုပ်ခဲ့ရာမှ တဖြည်းဖြည်း ပြေပျောက် ကင်းစပြုလာခဲ့တော့၏။

အချစ်တည်းဟူသော တရား၏ ဆိုးဝါးပုံကိုလည်း စဉ်းစားတော်မူမိ၏။ အချစ်စိတ်အကြောင်းကို ပြဿနာပြု၍ မှူးကြီးမတ်ရာများကို မေးမြန်းရလျှင် ကောင်းအံ့ဟုလည်း စဉ်းစားတော်မူဘိ၏။

နောက်တစ်နေ့နံနက် ညီလာခံအချိန်သို့ရောက်သောအခါ တိုင်းရေးပြည်မှုကိစ္စများကို တိုင်ပင်ဆွေးနွေးဆုံးဖြတ်ပြီးနောက် ဘုရင်မင်းမြတ်က ...

"အို မှူးကြီးမတ်ရာ သေနာပတိအပေါင်းတို့ ... လောကတွင်းရှိ ပုထုဇဉ်သတ္တဝါမှန်သမျှတို့သည် အချစ်စိတ်နှင့်

မကင်းနိုင်ကြပေ၊ အချစ်စိတ်တွင် အနှစ်သာရ ရှိ မရှိကို ငါကိုယ်တော်မြတ်အား လျှောက်တင်ကြဘိလော''

မိန့်တော်မူလေသည်။

ဘုရင်မင်းမြတ်၏အမေးစကားကို ကြားကြရသော မှူးကြီးမတ်ရာအပေါင်းတို့သည် ဤကိစ္စတွင် ပညာရှိအမတ်ကြီးသာလျှင် အကျွမ်းကျင်ဆုံးဖြစ်ဘိ၏။ အမတ်ပညာရှိကြီးသာလျှင် လျှောက်ထားသင့်သည်ဟု ဆိတ်ဆိတ်ပင်နေကြတော့သည်။

ဘုရင်မင်းမြတ်လည်း အချိန်အတန်ကြာအောင် စောင့်ဆိုင်းတော်မူပြီးမှ ပညာရှိအမတ်ကြီးဘက်သို့လှည့်၍ ...

''အို အမတ်ပညာရှိကြီး ... အချစ်၏အနှစ်သာရ ခံစားမှုကို သင် သိသလော''

မေးတော်မူလိုက်၏။

ထိုအခါ ပညာရှိအမတ်ကြီးက ...

''အရှင်မင်းမြတ် ... အချစ်တွင် အနှစ်သာရဟူ၍ မရှိပါ၊ အကာအတိသာ ဖြစ်ပါသည် ဘုရား၊ အချစ်စိတ်သည် ပျားရည်လူးထားသော မြက်သစ်ရွက်နှင့် တူပါသည်၊ တောမုဆိုးတို့သည် သမင်၊ ဒရယ်၊ ချေငယ် စသော မြက်စားသတ္တဝါများကို ဖမ်းယူစားသောက်လိုသောကြောင့် တောစပ်အနီးရှိ မြေစာ

မြက်ကလေးများပေါ်တွင် ပျားရည်တို့ကို ပက်ဖျန်း၍ တိရစ္ဆာန်ကလေးများကို ဓား၊ လှံ၊ မှိန်း အစရှိသော လက်နက်တို့ဖြင့် ထိုးသတ်စားသောက်ကြပါသည် အရှင်မင်းမြတ်၊ ထိုတိရစ္ဆာန်ကလေးများသည် ထိုသို့ အသက်သေတတ်သည်ကို သိကြပါလျက် မြေစာမြက်ပေါ်ရှိ ချိုမြသောပျားရည်ကလေးများ၏ အရသာကြောင့် တောမြက်ကိုမစားဘဲ မနေနိုင်ကြပါ အရှင်မင်းမြတ်၊ အချစ်ဟူသည်မှာလည်း အပေါ်ယံတွင် ပျားရည်လူးထားပြီး အထဲတွင် အကာအတိသာ ရှိနေပါသည် ...၊

အို အရှင်မင်းမြတ် ... အချစ်ဟူသည် ကြက်သွန်နှင့်လည်း တူပါဘိ၏။ တောတွင်းသားတစ်ယောက်သည် ကြက်သွန်ဥကြီးတစ်ဥကို ရရှိခဲ့ရာ အတွင်းမှာ အနှစ်သာရ ရှိလေမလားအထင်နှင့် တစ်ဖတ်ပြီးတစ်ဖတ် ခွာကြည့်၏။ တစ်ဖတ်ခွာရင်းမျက်ရည်တစ်ပေါက်ကျခြင်းသာ အကျိုးတရားခံစားရ၏။ ကြက်သွန်ဥကြီးတစ်ခုလုံးသာ ကုန်သွားသော်လည်း အချစ်စိတ်ဟူသည်အနှစ်သာရမရှိဘဲ မျက်ရည်ကျရခြင်းသာလျှင် အဖတ်တင်ခဲ့ရ၏။ အချစ်နှင့်ပတ်သက်၍ မှိုင်းမိနေသောသူတို့သည် ဤဆေးနှစ်လုံးကို သောက်မျိုရုံမျှနှင့် သက်သာနိုင်ပါသည် အရှင်မင်းမြတ်''

ဘုရင်မင်းမြတ်အား စောင်းချိတ်၍ လျှောက်တင်လိုက်

လေသည်။

ထိုအခါ ဘုရင်မင်းမြတ်က ...

"အို အမတ်ပညာရှိကြီး ... အချစ်မှိုင်းမိသူထဲတွင် ငါကိုယ်တော်မြတ် မပါပါဘိ"

မိန့်တော်မူကာ အတွင်းဆောင်သို့ ဝင်ရောက်တော်မူလေသတည်း။

❄ ❄ ❄

## ဘုန်းကံဟူသည်

ရှေးလွန်လေပြီးသောအခါက ဘုရင်မင်းတစ်ပါးသည် မှူးကြီးမတ်ရာ သေနာပတိများ ခြံရံလျက် ညီလာခံကျင်းပနေလေသည်။

ထိုအခိုက်အတန့်မှာပင် တံခါးမှူးသည် ဘုရင်မင်းမြတ်၏ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားပြီး ...

"အရှင်မင်းမြတ် ... အရှင်မင်းမြတ်အား ဖူးမြော်ရန်အတွက် ပုဏ္ဏားမတစ်ယောက် ခွင့်တောင်းနေပါတယ် ဘုရား၊ ဝင်ခွင့်ပြုရမည်၊ မပြုရမည်ကို မိန့်တော်မူပါ ဘုရား"

လျှောက်တင်လာလေသည်။

ကျော်စွာစာပေ

ထိုအခါ ဘုရင်မင်းမြတ်က 'ဝင်စေ' အမိန့်တော် ချလိုက်လေသည်။ ပုဏ္ဏားမသည် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ရောက်သောအခါ ရိုသေစွာ ခစားပြီးနောက် ဘုရင်မင်းမြတ်အား သက်တော်ရှည်ပါစေကြောင်း ဆုမွန်တောင်းလိုက်၏။

ဘုရင်မင်းမြတ်လည်း များစွာဝမ်းမြောက်တော်မူပြီး ...

''အဘယ် နမ ... ငါ့ထံသို့ သင် အခစားဝင်လာခြင်း အကြောင်းကို လျှောက်ထားဘိလော့''

မိန့်တော်မူသည်။

ထိုအခါ ပုဏ္ဏားမက ...

''အရှင်မင်းမြတ် ... ကျွန်တော်မျိုးမ၏ခင်ပွန်းလင်သည် အိုးလုပ်ငန်းအတွက် မိမိခြံအတွင်းရှိမြေကို တူးဆွရာမှ ရတနာအမျိုးမျိုးတို့ဖြင့်ပြည့်သော အိုးတစ်အိုးကို ရရှိပါတယ် အရှင်မင်းမြတ်၊ ထိုရတနာအိုးကို ထိုနေရာ၌ပင် စောင့်ရှောက်လျက် နေရပါသည်၊ ကျွန်တော်မျိုးမသည် ထိုသတင်းကောင်းကို အရှင်မင်းမြတ်အား လျှောက်ထားရန် ခစားလာပါသည် ဘုရား၊ ကျွန်တော်မျိုးမတို့ မည်သို့မည်ပုံ ပြုမူလုပ်ဆောင်ရမည်ကို အမိန့်ရှိတော်မူပါ အရှင်မင်းမြတ်''

လျှောက်လေသည်။

ကျော်စွာစာပေ

ဘုရင်မင်းမြတ်သည် ပုဏ္ဏားမ၏စကားကို ကြားတော်မူသောအခါ များစွာအံ့ဩတော်မူသဖြင့် မင်းချင်းရဲမက်တို့အား ပုဏ္ဏားမ၏အိမ်ဂေဟာသို့ စေလွှတ်၍ ရတနာအိုးနှင့်တကွ စောင့်ရှောက်နေသော ပုဏ္ဏားကြီးကိုပါ ခေါ်ဆောင်စေလိုက်လေသည်။

ပုဏ္ဏားကြီးနှင့်တကွ ရတနာအိုးရောက်လာသောအခါ နန်းရင်ပြင်ပရိသတ်အလယ်တွင် အိုးကို ဖွင့်တော်မူစေလေသည်။ အိုးထဲရှိ ရတနာတို့မှာ အလွန်အဖိုးထိုက်တန်သော ရတနာခုနစ်ပါးများ ဖြစ်နေသောကြောင့် မြင်သူတိုင်း အံ့ဩတပ်မက်ကြလေ၏။

ဘုရင်မင်းမြတ်သည် ရတနာတို့ကို ကြည့်စေတော်မူရင်းက ...

"အို မှူးတော်မတ်တော်အပေါင်းတို့ ... ဤရတနာတို့မှာ အလွန်အဖိုးထိုက်တန်လှဘိသည်၊ ငါကိုယ်တော်မြတ်နှင့် ထိုက်တန်သလော၊ ဒါမှမဟုတ် အိုးထိန်းသည်ပုဏ္ဏားလင်မယားနှင့်ပင် ထိုက်တန်သလော၊ သင်တို့ အဆုံးအဖြတ်ပေးကြပါဘိလော"

မိန့်တော်မူလေသည်။

ထိုအခါ ပညာရှိအမတ်ကြီးမှတစ်ပါး အခြားသော မှူး

ကြီးမတ်ရာများက ရတနာခုနစ်ပါးတို့တွင် တပ်မက်မောသော လောဘ ကပ်ငြိကြကုန်သဖြင့် ထိုရတနာများကို ဘုရင်မင်းမြတ် သိမ်းယူသင့်ကြောင်း လျှောက်တင်လိုက်ပါက ငါတို့လည်း အကျိုး ခံစားခွင့် ရှိကောင်းရှိလာနိုင်ဘိသည်။ နောက်ဆုံး ဘုရင့်အလို တော်ကျ ဖြစ်မည်ဟု စဉ်းစားလျက် ...

"အရှင်မင်းမြတ် ... အရှင်မင်းမြတ်သည် ရေမြေတို့ကို အစိုးရတော်မူသော အရှင်မင်းမြတ် ဖြစ်ပါသည်၊ ထိုရတနာ ခုနစ်ပါးတို့သည် အရှင်မင်းမြတ်ပိုင်ဆိုင်သော မြေတွင်းမှရရှိလာ သောကြောင့် အရှင်မင်းမြတ်သာလျှင် ပိုင်ဆိုင်သင့်ကြောင်းပါ ဘုရား"

တညီတညွတ်တည်း လျှောက်တင်ကြလေသည်။

နန်းရင်ပြင်ညီလာခံရှိ မှူးကြီးမတ်ရာအပေါင်းတို့ ဝိုင်း ဝန်းလျှောက်တင်ချက်ကို ကြားတော်မူသောအခါ ဘုရင်မင်းမြတ် သည် ဆိတ်ဆိတ်သာထိုင်နေသော ပညာရှိအမတ်ကြီးဘက်သို့ လှည့်တော်မူ၍ ...

"အမှားအမှန်ကို ကောင်းမွန်စွာသိတတ်သော အို အမတ် ပညာရှိကြီး ... မှူးတော်မတ်တော်အပေါင်းတို့က ဤရတနာအိုး သည် ငါကိုယ်တော်မြတ်နှင့်သာ ထိုက်တန်ကြောင်း လျှောက်တင်

ကြဘိသည်၊ သင်အမတ်ကြီးကား အသို့ ထင်မြင်ဘိသနည်း”

မေးတော်မူပြန်သည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

“အရှင်မင်းမြတ် ... ရတနာတို့ဟူသည် ရှေးရှေးက ဘုန်းကံရှိသူများထံ၌သာ ရပ်တည်နိုင်ပါသည်၊ ဘုန်းကံမရှိသူတို့၏ထံပါး၌ ရပ်နားလေ့မရှိပါ၊ ရှေးရှေးသောအခါက ဘုန်းကံကျက်သရေရှိကြကုန်သော မင်းကောင်းမင်းမြတ်များသည်လည်းကောင်း, ဇောတိက ဇဋိလ စသော သူဌေးသူကြွယ်များသည်လည်းကောင်း အတိတ်ကံပါရမီကြောင့် ရတနာအထွေထွေ ရွှေငွေကျောက်သံပတ္တမြားတို့သည် ရပ်နားတည်နေခဲ့ဖူးကြပါတယ် ဘုရား၊ ထိုပုဂ္ဂိုလ်ကြီးများ ကွယ်လွန်ကြသောအခါ ရတနာတို့သည်လည်း ထိုသူများနောက်သို့ အရိပ်ပမာ လိုက်ပါသွားခဲ့ကြပါတယ်၊ ဘုန်းကံဟူသည်မှာ ဘုရင်မင်းများတွင်သာ ရှိသည်ဟု မမှတ်ယူသင့်ပါ၊ ဘုရင်မင်းမှတစ်ပါး အခြားသောသူများတွင်လည်း ရှိတတ်ကြသည်ကို သတိမူသင့်ကြောင်းပါ အရှင်မင်းမြတ်၊ ဘုန်းကံသည် လမင်းနှင့်တူပါ၏၊ လမင်းရှိရာ၌ ရတနာများ စုပုံတတ်သကဲ့သို့ ဘုန်းကံရှိသူများထံမှာ ရတနာများ စုပုံရောက်ရှိလာတတ်ပါသည် အရှင်မင်းမြတ် ...၊

အို မြတ်သောမင်းကြီး . . . ဤရတနာများသည် လမင်းနှင့်တူသော, ဘုန်းကံပွင့်လန်းကြသော အိုးထိန်းသည် လင်မယားအိမ်သို့ နက္ခတ်တာရာများနှင့်တူသော ရတနာများ လိုက်လာကြသည်ကို သိမ်းပိုက်တော်မမူသင့်ပါ အရှင်မင်းမြတ်၊ သူတို့အားသာလျှင် ပေးထိုက်ပါသည် ဘုရား''

လျှောက်တင်လေသည်။

ထိုအခါ ဘုရင်မင်းမြတ်က . . .

''အို အမတ်ပညာရှိကြီး . . . သင့်စကားသည် မှန်ကန်လှပါပေတယ်၊ ဤရတနာခုနစ်ပါးတို့သည် အိုးထိန်းသည် လင်မယား၏ဘုန်းကံကြောင့် သူတို့၏ခြံအတွင်း၌ ကျရောက်ခဲ့ပေတယ်၊ ဒါကြောင့် ဤရတနာအိုးကို အိုးထိန်းသည်ပုဏ္ဏားလင်မယားအား ပိုင်ဆိုင်စေလော့၊ ဤရတနာများရသည်နေ့မှစ၍ အိုးထိန်းသည်ပုဏ္ဏား လင်မယားကို သူဌေးဘွဲ့ထူးနှင့် အဆောင်အယောင်များကို လွှတ်တော်မှ ထုတ်ပေးစေ''

အမိန့်တော်မြတ် ချမှတ်တော်မူလေသတည်း။

❄ ❄ ❄

ကျော်စွာစာပေ

## အလျှောက်ကောင်းသောကြောင့်

ရှေးလွန်လေပြီးသောအခါက ကြက်တူရွေးများ မွေးမြူ၍ ရောင်းချခြင်းဖြင့် အသက်မွေးသော မုဆိုးတစ်ယောက်ရှိလေသည်။

ထိုကြက်တူရွေးမုဆိုးသည် မိမိ၏ကြက်တူရွေးကို လိမ္မာအောင် သင်ကြားပေးပြီးနောက် တောတွင်းရှိ ကြက်တူရွေးအရိုင်းတို့ကို တည်၍ဖမ်းယူပြီးနောက် ရရှိလာသောကြက်တူရွေးများကို အိမ်၌ လူစကားတတ်အောင် သင်ကြားပေးပြီးနောက် ထိုကြက်တူရွေးများ လူစကားတတ်ကျွမ်းလာသောအခါ ဈေးကောင်းကောင်းဖြင့် ရောင်းချလေ့ရှိသည်။

ကျော်စွာစာပေ

တစ်နေ့သောအခါ အလွန်လှပသော ကြက်တူရွေး တစ်ကောင်ကို ဖမ်းမိခဲ့သဖြင့် ထိုကြက်တူရွေးကို လူစကားများ ကျွမ်းကျင်အောင် သင်ကြားပေး၏။ ထိုကြက်တူရွေးသည် လူတစ်ယောက်ကဲ့သို့ စကားကို ကျွမ်းကျင်စွာ ပြောတတ်လာသောအခါ မုဆိုးသည် အဆိုပါကြက်တူရွေးကို ဘုရင်မင်းမြတ်ရှေ့တော်သို့ ဝင်ရောက်ဆက်သလေသည်။

ဘုရင်မင်းမြတ်လည်း များစွာ ဝမ်းမြောက်တော်မူသဖြင့် ကြက်တူရွေးမုဆိုးအား ဆုလာဘ်ငွေများ ပေးသနားတော်မူလိုက်၏။ ထို့နောက် မိမိ၏လိမ္မာပါးနပ်သော မင်းချင်းတစ်ယောက်အား ခေါ်တော်မူပြီးနောက် ...

"မောင်မင်းသည် ဤကြက်တူရွေးကို ကောင်းစွာ မွေးမြူရမည်၊ ချမ်းသာစွာ ထားရမည်၊ ကောင်းမွန်သော သလေးဆန်၊ ပျားမုန့် အစားအစာများကို ကျွေးမွေးလော့၊ ကြက်တူရွေးအား တစ်စုံတစ်ရာ ဆင်းရဲခြင်း မဖြစ်စေရ၊ အကယ်၍ ကြက်တူရွေး တစ်စုံတစ်ရာဖြစ်ခဲ့သော် ငါကိုယ်တော်မြတ်ထံ အလျင်အမြန် လျှောက်ထားရမည်၊ အကယ်၍ ငါ့အား လျှောက်ထားခြင်းမရှိဘဲ ကြက်တူရွေး သေကျေပျက်စီးခဲ့သော် သင်၏လည်ကို ငါ ဖြတ်ပစ်အံ့"

မိန့်တော်မူပြီး ကြက်တူရွေးနှင့် ရွှေလှောင်အိမ်ကို အပ်နှင်းလိုက်လေသည်။

မင်းချင်းလုလင်လည်း ဘုရင်မင်းမြတ်၏အမိန့်တော်အတိုင်း ကြက်တူရွေးကို နေ့စဉ်နှင့်အမျှ ကောင်းနိုးရာရာ အစာကောင်းများဖြင့် ကျွေးမွေးပြုစုသည်။ ကြက်တူရွေးအား နေပူလေပူမျှပင် မထိခိုက်အောင် ထိန်းသိမ်းပြုစုထား၏။

သို့သော် ကြက်တူရွေးသည် တစ်နေ့တွင် ရုတ်တရက်သေဆုံးသွားသည်။ ကြက်တူရွေး နာမကျန်းဖြစ်သည်ကိုမျှ ဘုရင်မင်းမြတ်အား အကြောင်းကြားရန် အချိန်မရလိုက်ပေ။ ထိုအခါ မင်းချင်းလုလင်လည်း ကြီးစွာပူပင်သောက ဖြစ်လေတော့သည်။ အလွန်လည်း ထိတ်လန့်တုန်လှုပ်လျက်ရှိနေတော့၏။

သို့နှင့်ပင် မင်းချင်းလုလင်သည် မိမိ၏အသက်ချမ်းသာရာရရေးအတွက် နည်းလမ်းကိုရှာ၍ မရသည့်အဆုံးတွင် ပညာရှိအမတ်ကြီးထံသို့သွား၍ အကူအညီတောင်းရလေတော့သည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အမောင်လုလင် ... သင် မစိုးရိမ်လင့်၊ သင်၏အသက်ကို ငါကယ်အံ့၊ ချမ်းသာစွာ နေဘိလော့"

ပြောဆိုပြီး ပြန်လွှတ်လိုက်လေသည်။

ကျော်စွာစာပေ

မင်းချင်းလုလင် ပြန်သွားသောအခါ ပညာရှိအမတ်ကြီးသည် ဘုရင်မင်းမြတ်ရှေ့တော်သို့ဝင်၍ အလွန်ပူပင်သောကရောက်နေဟန်နှင့် ...

"အရှင်မင်းမြတ် ... အရှင်မင်းမြတ်၏ ကြက်တူရွေး၊ အရှင်မင်းမြတ်၏ ကြက်တူရွေး"

စကားကို အဆုံးမသတ်ဘဲ အတန်တန် ပြောဆိုညည်းညူ၍ နေလေသည်။

ပညာရှိအမတ်ကြီး၏ ပူပန်ညည်းညူနေပုံကို တွေ့မြင်နေသော ဘုရင်မင်းမြတ်က ...

"အမတ်ပညာရှိကြီး အသို့ဖြစ်ဘိသနည်း၊ ငါ၏ ကြက်တူရွေး သေလွန်လေပြီလော"

မေးတော်မူသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"ပြည့်ရှင်မင်းမြတ် ... ထိုသို့မဟုတ်ပါ၊ ယခုအခါ အရှင်မင်းမြတ်၏ ကြက်တူရွေးသည် ရာဂဆိတ်သုဉ်းသွားလေပြီ၊ ယနေ့နံနက်မှစ၍ ကြက်တူရွေးသည် မျက်စိမှိတ်လျက် သမာဓိယူနေပါပြီ၊ သူ၏ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတို့သည် မလှုပ်ရှားတော့ဘဲ သူ၏နှုတ်သီးနှင့် မျက်စိလည်း ပိတ်သွားပါပြီ အရှင်

မင်းမြတ်''

ထိုအခါ ဘုရင်မင်းမြတ်က ...

''အမတ်ကြီး ... သို့ဖြစ်လျှင် ငါ၏ကြက်တူရွေး သေပြီ ထင်ဘိသည်''

ပညာရှိအမတ်ကြီးကလည်း ...

''အို အရှင်မင်းမြတ် ... အရှင်မင်းမြတ် ထင်လိုရာ ထင် နိုင်ဘိ၏။ ကျွန်တော်မျိုးလည်း မပြောတတ်ပါ၊ ကြွရောက် ရှုစားတော်မူပါ၊ ကျွန်တော်မျိုးတော့ ကြက်တူရွေးသည် ဆိတ် ဆိတ်နေလျက် ကောင်းသောသမာဓိတရား ကျင့်သုံးနေသည်လို့ပဲ ထင်ပါသည် အရှင်မင်းမြတ်''

လျှောက်တင်ပြန်လေသည်။

ဘုရင်မင်းမြတ်လည်း ပညာရှိအမတ်ကြီးနှင့်အတူ ကြက် တူရွေးထားရာသို့ သွားရောက်ကြည့်ရှုတော်မူလေသည်။ မင်းကြီး လည်း ကြက်တူရွေးသေနေသည့်အဖြစ်ကို မြင်သောအခါ ...

''အမတ်ကြီး ... သင်သည် စကားအရာ၌ အလွန် လိမ္မာလှဘိသည်၊ ရှေးကပင် ကြက်တူရွေး သေနေပြီဟု ပြောဆိုခဲ့ သော် ဤနေရာသို့ ငါကိုယ်တော်မြတ် လိုက်လာစရာမလိုပါဘိ''

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အရှင်မင်းမြတ် ... ကြက်တူရွေးသည်လည်း သက်ရှိသတ္တဝါ ဖြစ်ဘိ၏၊ မည်သည့်သတ္တဝါမဆို ခန္ဓာရှိလျှင် ဝေဒနာရှိသည်၊ ဖြစ်လာလျှင် ပျက်မြဲဓမ္မတာဖြစ်သည်၊ ထွက်လာသော နေမင်းသည် ဝင်သွားရန် ရှေးရှုနေဘိသကဲ့သို့ အသက်ခန္ဓာလှုပ်ရှားနေသော သတ္တဝါဟူသရွေ့သည်လည်း တစ်နေ့နေ့တွင် သေရမည်အမှန်ပင်ဖြစ်ပါသည် ဘုရား၊ ဒါကြောင့် ကြက်တူရွေးသေရှုံမှုနှင့် မင်းချင်းတစ်ယောက် အသတ်ခံရမည့်အမှုမှာ များစွာမသင့်လျော်လှပါ အရှင်မင်းမြတ်"

လျှောက်တင်လိုက်လေသည်။

ထိုကဲ့သို့စကားအရာ အဂါလေးတန်နှင့်အညီ လျှောက်တင်သော ပညာရှိအမတ်ကြီး၏ နည်းပရိယာယ်ကို များစွာနှစ်သက်အားရတော်မူသဖြင့် ဘုရင်မင်းမြတ်သည် မိမိ၏မင်းချင်းလုလင်အား ထုတ်ပြန်ထားသောအမိန့်တော်မှာ မှားယွင်းနေသည်ကို ပညာရှိအမတ်ကြီး ပြုပြင်ပေးသဖြင့် ဝမ်းမြောက်တော်မူကာ ပညာရှိအမတ်ကြီးအား ဆုလာဘ်များပေးတော်မူ၏။

ပညာရှိအမတ်ကြီးသည် ဘုရင်မင်းမြတ် ပေးသနားတော်မူသော ဆုလာဘ်များကို မိမိမယူဘဲ မင်းချင်းလုလင်ကို ပေးအပ်လိုက်တော့သည်။

ကျော်စွာစာပေ

မင်းချင်းလုလင်လည်း ပညာရှိအမတ်ကြီး၏ကျေးဇူးကြောင့် အသက်ဘေးမှ ချမ်းသာရာရသည်နှင့်အတူ မခံစားရဖူးသော စည်းစိမ်ချမ်းသာများကိုပင် ရရှိလေသည်။

ဤသို့သော စိတ်စေတနာကံကြောင့် ပညာရှိအမတ်ကြီး၏ဂုဏ်သတင်းမှာ ပိုမိုထွန်းပြောင်လာလေတော့သတည်း။

❋ ❋ ❋

ကျော်စွာစာပေ

## ပညာရှိအမတ်ကြီး၏ တူညီသောစိတ်ဟူသည်

ရှေးလွန်လေပြီးသောအခါက ဘုရင်မင်းမြတ်တစ်ပါးသည် ကြီးစွာသော မင်္ဂလာမဏ္ဍပ်ကို ဆောက်လုပ်စေပြီး မင်းပွဲသဘင် ဆင်ယင်ကျင်းပတော်မူလေသည်။

ထိုမင်းပွဲသဘင်သို့ ဘုရင့်အမှုတော်ကို ထမ်းရွက်ကြကုန်သော မြို့စား၊ နယ်စား၊ မင်းညီမင်းသားများနှင့် မှူးကြီးမတ်ရာ သေနာပတိမှစ၍ စော်ဘွား စော်ခံ၊ ကလန် သံပျင်တို့ အစုံအညီ တက်ရောက်ကြလေသည်။

ဘုရင်မင်းမြတ်သည် ကြယ်တာရာအပေါင်းတို့ ဝန်းရံလျက်ရှိသော သော်တာလမင်းကဲ့သို့ မင်းပရိသတ်တို့၏ အလယ်

တွင် တင့်တယ်စွာဖြင့် ကေရာဇ်ဘုရင်တို့၏ ကျက်သရေဖြင့် ရှုမငြီးဖွယ် တင့်တယ်စွာ စံနေတော်မူ၏။

အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော မင်းပရိသတ်များစွာတို့အနက် အချို့သည် ပညာရှိအမတ်ကြီး၏ ဂုဏ်သတင်းကိုသာ ကြားဖူး၍ ပညာရှိအမတ်ကြီးကိုလည်းကောင်း၊ ပညာရှိအမတ်ကြီး၏ ပြောဆိုမိန့်ကြားပုံတို့ကိုလည်းကောင်း၊ ဘုရင်မင်းမြတ်၏ နက်နဲသောအမေးပုစ္ဆာများကို မည်သို့မည်ပုံ ဖြေကြားသည်တို့ကိုလည်းကောင်း ရှေးအထက်က မတွေ့မမြင် မကြားသိကြရဖူးပေ။

ထို့ကြောင့် ရပ်ဝေးမှလာကြကုန်သော မြို့စား၊ နယ်စား၊ စော်ဘွားစော်ခံ မင်းပရိသတ်တို့သည် ပညာရှိအမတ်ကြီး၏ စွမ်းရည်ကို တွေ့မြင်လိုကြလေသည်။ ဘုရင်မင်းမြတ်သည်လည်း ရပ်ဝေးမှ လာကြကုန်သော မင်းပရိသတ်တို့၏အာသီသသဘောဆန္ဒကို ကြိုတင်၍ သိမြင်ထားနှင့်ပြီးဖြစ်၏။

ဘုရင်မင်းမြတ်၏ ကန်တော့ခံပွဲသဘင်ကား စည်ကားသိုက်မြိုက်စွာနှင့် မင်းပရိသတ်များ စုံညီနေပြီဖြစ်၏။ ဘုရင်မင်းမြတ်သည် မြို့စား၊ နယ်စားတို့၏ အရေးကိစ္စများနှင့် တိုင်းနိုင်ငံတော်တစ်ခုလုံး၏ မင်းရေးစိုးရေးကိစ္စများကို ရှေးဦးစွာ မေးမြန်း

စုံစမ်းတော်မူပြီးနောက် မြို့စားနယ်စား၊ စော်ဘွားစော်ခံတို့ ဆက်သသော ပဏ္ဏာတော်များကို လက်ခံတော်မူပြီး အရေးအရာများ လျှောက်တင်ကြသည်ကို နားဆင်တော်မူ၏။

ထို့နောက် ထူးချွန်စွာ တိုင်းပြည်တာဝန်များကို ထမ်းဆောင်ခဲ့ကြသော မြို့စား၊ နယ်စား၊ မင်းညီမင်းသားများနှင့် မှူးမတ်သေနာပတိ၊ ကလန်သံပျင်တို့အား ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်တော်မူပြီး အရိုက်အရာများ တိုးမြှင့်ခန့်အပ်တော်မူလေသည်။

ထိုသို့ တိုင်းပြည်၏အရေးအရာများ ဆွေးနွေးတိုင်ပင်ဆောင်ရွက်ဖွယ်ကိစ္စများ ပြီးစီးသောအခါ ဘုရင်မင်းမြတ်က . .

"အို မှူးတော်မတ်တော်အပေါင်းတို့ . . . တိုင်းရေးပြည်မှုအစုစုအရေးကို ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့ ပြီးဆုံးလေပြီ၊ ငါ၏နိုင်ငံတော်သည် ငါကိုယ်တော်မြတ်ဘုန်းကံကြောင့် ခိုးသား၊ ဓားပြဘေးမှ ကင်းဝေးတော်မူပြီး တစ်နေ့တခြား တိုးတက်စည်ပင်လာဘိသည်၊ ပညာရှိသူတော်ကောင်းများလည်း တစ်နေ့တခြား ပေါ်များလာဘိသည်၊ ရှေးအခါက စာပေမတတ်သော မိန်းမများပင် ယခုအခါ စာပေကျမ်းဂန်တို့ကို ယောကျ်ားများနှင့်အတူ တတ်မြောက်ကုန်ကြပေပြီ၊ ငါကိုယ်တော်မြတ်လည်း ဝမ်းမြောက်

ဂုဏ်ယူတော်မူဘိ၏ ...၊

အို ပညာရှိသူတော်ကောင်းတို့ ... ငါ ကိုယ်တော်မြတ်သည် သင်တို့အား ပြဿနာတစ်ခုကို မေးလိုသေးသည်၊ ဖြေကြားကြဘိလော့၊ ပြေလည်အောင်ဖြေကြားနိုင်သူအား အဆောင်အယောင်နှင့်တကွ ရာဇပလဟူသော ဘွဲ့တော်ကို ပေးသနားတော်မူအံ့''

မိန့်တော်မူပြီးမှ ပုစ္ဆာကို မေးတော်မူသည်။

''ငါ၏ မင်းပွဲသဘင်သို့ လာရောက်ကြသော မင်းပရိသတ်အပေါင်းတို့၏ စိတ်နှလုံးဝယ် အဘယ်ကဲ့သို့သော စိတ်ကူးများ ဖြစ်ပေါ်နေကြဘိသနည်း၊ ဤအမေးကို ဖြေကြားဘိလော့''

ထိုသို့သော ဘုရင်မင်းမြတ်၏အမေးပုစ္ဆာကို ကြားသောအခါ ပညာရှိမှူးမတ်အပေါင်းတို့သည် အမေးပုစ္ဆာကို ငြိမ်သက်စွာ စဉ်းစား၍နေကြလေသည်။

''လူတစ်ယောက်၏ စိတ်အတွင်းက ကြံစည်စိတ်ကူးနေသည်ကို ထိုသူကိုယ်တိုင်က ဖွင့်ဟပြောဆိုခြင်းမပြုဘဲ သိနိုင်မည်မဟုတ်ပါဘဲလျက် ဘုရင်မင်းမြတ်သည် ကြံကြံဖန်ဖန်မေးတော်မူဘိ၏၊ ဤသို့သိနိုင်ခြင်းကား သူတစ်ပါး၏ စိတ်အကြံကို သိနိုင်စွမ်းသော ပရစိတ္တဝိဇာရနဉာဏ်ရှိသောသူတို့၏ အရာသာ

ဖြစ်ချေဘိသည်''

စဉ်းစားလျက် မည်သို့မျှ ဖြေဆိုနိုင်ကြခြင်းမရှိဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ဆိတ်ဆိတ်ပင် နေကြလေသည်။

ဤသို့ဖြင့် အချိန်ကြာမြင့်စွာ ဆိတ်ငြိမ်နေသောအခါ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးအား လှမ်း၍ကြည့်တော်မူပြီးနောက် ...

"အို အမတ်ပညာရှိကြီး ... အသို့နည်း၊ ငါကိုယ်တော်မြတ်၏အမေးကို မဖြေကြားနိုင်ဘိလော့"

မိန့်တော်မူသည်။

ထိုအခါ ပညာရှိအမတ်ကြီးသည် ပရိသတ်အလယ်မှ ထ၍ ...

"မှန်လှပါ အရှင်မင်းမြတ် ... ယခုအခါ မင်းပွဲသဘင်သို့ လာရောက်ကြသော မင်းပရိသတ်အပေါင်းတို့တွင် တစ်ပြိုင်နက် ဖြစ်ပေါ်နေသော စိတ်အကြံအစည်ကို ဆိုလိုတော်မူပါသလား ဘုရား၊ ဒါမှမဟုတ် တစ်ဦးစီ၏ စိတ်အကြံအစည်ကို ဆိုလိုတော်မူပါသလား ဘုရား"

ပြန်လည် လျှောက်ထားမေးမြန်းလေသည်။

ဘုရင်မင်းမြတ်က ...

"အို အမတ်ကြီး ... မင်းပရိသတ်အပေါင်းတို့၏ တစ်ပြိုင်နက်ဖြစ်နေသော စိတ်အကြံအစည်ကို ငါကိုယ်တော်မြတ် ဆိုလိုဘိသည်"

မိန့်တော်မူလေသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"ကြွရောက်လာကြသော မင်းပရိသတ်တို့၏ စိတ်တွင်ကား အရှင်မင်းကြီး သက်တော်ရှည်ပါစေ၊ ယခုအတိုင်း နိုင်ငံတော်အား အုပ်ချုပ်မင်းလုပ်နိုင်ပါစေ၊ အရှင်မင်းမြတ်၏ ကျော်စောခြင်းသည် တိုင်းနိုင်ငံအလုံး ပျံ့နှံ့ထင်ရှားပါစေ၊ သာသနာစောင့်နတ်မင်းကြီးများ အမြဲစောင့်ရှောက်ပါစေလို့ ကြွရောက်လာတဲ့ မင်းပရိသတ်တို့ရဲ့စိတ်ထဲမှာ တစ်ပြိုင်နက် ဖြစ်ပေါ်နေပါသည် အရှင်မင်းမြတ်၊ ယုံကြည်တော်မမူလျှင် ကိုယ်တော်တိုင် မေးကြည့်တော်မူပါ ဘုရား"

လျှောက်တင်လိုက်လေသည်။

ပညာရှိအမတ်ကြီး၏အဖြေကို ကြားတော်မူသောအခါ ဘုရင်မင်းမြတ်သည် များစွာအားရ ကျေနပ်တော်မူလေသည်။ အကယ်၍ ပညာရှိအမတ်ကြီး၏ အဖြေစကားမှတစ်ပါး တစ်ဦး

တစ်ယောက်သည် မဟုတ်ပါဘုရား၊ ကျွန်တော်မျိုး အခြား တစ်ပါး၌ စိတ်ဝင်စားနေပါသည်၊ စိတ်ကူးနေမိပါသည် ဘုရားဟူ ၍ မည်သူတစ်စုံတစ်ယောက်ကမျှ မလျှောက်ထားဝံ့ကြပေ၊ ထိုသို့ လျှောက်တင်မိပါကလည်း ဘုရင့်အမျက်တော်ရှမည်ကို ခံကြရ မည်မှာ ကေန်မုချဖြစ်၏။

ထို့ကြောင့်လည်း ကြွရောက်လာကြသော မင်းပရိသတ် အပေါင်းတို့ကလည်း ပညာရှိအမတ်ကြီး လျှောက်တင်ချက် အတိုင်း မှန်ပါသည်ဟု တညီတညွတ်တည်း လျှောက်တင်ကြလေ တော့သည်။

လက်အောက်ခံ မြို့စား၊ နယ်စား၊ စော်ဘွားစော်ခံတို့နှင့် တကွ မင်းပရိသတ်အပေါင်းတို့သည် ပညာရှိအမတ်ကြီး၏ ကြီး ကျယ်သော ပညာဉာဏ်ကို ချီးမွမ်းအံ့သြကြကုန်သည်။

ဘုရင်မင်းမြတ်လည်း မိမိ၏ကတိအတိုင်း ပညာရှိ အမတ်ကြီးအား အဆောင်အယောင်နှင့်အတူ 'ရာဇဗလ' ဟူ သောဘွဲ့တော်ကို ရွှေဘွဲ့ချီးမြှင့်တော်မူလေသတည်း။

❄ ❄ ❄

ကျော်စွာစာပေ

## ပညာရှိအမတ်ကြီးနှင့် ဘုရင့်သာရတကျမ်း

ရှေးလွန်လေပြီးသောအခါက ဘုရင်မင်းမြတ်တစ်ပါးသည် စာပေကို အလွန်မြတ်နိုးတော်မူလေသည်။ စာပေပညာရှိအကျော်များကို ချီးမြှောက်တော်မူပြီး စာပေကျမ်းဂန်ကိုလည်း ရေးသားပြုစုတော်မူလေသည်။

ရှေးဟောင်း မဟာသာရတကျမ်းကို သူ အလွန်နှစ်သက်တော်မူ၏။ အကြိမ်ကြိမ်လည်း လေ့လာဖတ်ရှုတော်မူလေ့ရှိ၏။ မဟာသာရတကျမ်းလာ ပဏ္ဍဝမင်း၏ တန်ခိုးကြီးမားပုံ၊ အခြံအရံများ၏ ကျော်စောထင်ရှားမှုရှိပုံတို့ကိုလည်း များစွာအားကျ နှစ်သက်တော်မူ၏။ ထို့ကြောင့် မိမိ အသက်ထင်ရှားရှိနေချိန်အတွင်း

စာကောင်းပေကောင်း ကျမ်းတစ်စောင်ကို ရေးသားပြုစုခဲ့ရန် စိတ်တော်ထက်သန်လျက်ရှိ၏။

ထို့ပြင် မဟာသာရတ၏ အဓိကဖြစ်သော ဇာတ်ဆောင် ပဏ္ဍဝသည် သူ၏ခေတ်အခါတွင် စကြဝဠာမင်းဟူသော ဘွဲ့ထူးကို ခံယူထားသကဲ့သို့ မိမိ၏ခေတ်အခါတွင်လည်း မိမိသည် စကြဝဠာမင်းဟူသောအဖြစ်ကို ခံယူရလျှင် ကောင်းလေစွဟူ၍ အကြံကောင်းရှိနေ၏။

ထို့ပြင် ဘောဇသာရတဟူသော ကျမ်းကြီးတစ်စောင် အဖွဲ့ကိုလည်း ရေးသားပြုစုရလျှင် ကောင်းလေစွဟူ၍လည်း ကောင်း၊ မိမိ နတ်ရွာစံလွန်ခဲ့သော်လည်း နောင်လာနောက်သား တို့အတွက် ဥဒါန်းတွင်ရစ်လိမ့်မည်ဟူ၍လည်းကောင်း တွေးမိတော်မူလေသည်။

ထို့ပြင်လည်း ထိုကျမ်း၌ မိမိမင်းပြုခဲ့စဉ်အခါက ဆောင်ရွက်ခဲ့သော လက်ရာများ၊ ဘုန်းတန်ခိုးကြီးမားပုံ၊ အခြံအရံ အကျော်အမော်ရှိပုံများကို ထည့်သွင်းရေးသားစေလိုသည်။

သို့သော် မိမိကိုယ်တိုင်က မရေးသားနိုင်။ ပညာရှိအမတ်ကြီးသာလျှင် ရေးသားပြုစုနိုင်စရာ အကြောင်းရှိ၏။ ပညာရှိအမတ်ကြီးကိုသာ တာဝန်ပေးခဲ့သော် ကေန်အထမြောက်ပေအံ့

ဟု တွေးမိသိရှိတော်မူသည့်အတိုင်း နောက်တစ်နေ့ ညီလာခံသဘင်တွင် ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးအား မိမိ၏အလိုဆန္ဒတော်ကို ဖွင့်ဟမိန့်တော်မူလေသည်။

ပညာရှိအမတ်ကြီးသည် ဘုရင်မင်းမြတ်၏အလိုဆန္ဒတော်တို့ကို ကြားသိသောအခါ ...

''ဘုရင်မင်းမြတ်နှင့် ပဏ္ဍဝမင်းတို့၏ဘုန်းကံသည် ပိုးစုန်းကြူးနှင့်လမင်းပမာ ခြားနားလွန်းလှသည်၊ ဘုရင်မင်းမြတ်သည် ပဏ္ဍဝမင်းကို တုပြိုင်ရန် အလိုတော်ရှိဘိ၏၊ ဤကိစ္စသည်မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်စရာမရှိ''

တွေးတောစဉ်းစားကာ ဘုရင်မင်းမြတ်အား ...

''ဆင်းရဲသားပြည်သူတို့၏ မှီခိုရာဖြစ်တော်မူသော အိုအရှင်မင်းမြတ် ... ဤကိစ္စသည် ခက်ခဲလှသော အလုပ်မဟုတ်ပါ၊ သို့ပေမယ့် မဟာသာရတကျမ်းကဲ့သို့ စာလင်္ကာအစီအကုံးအဖွဲ့အနွဲ့တို့ဖြင့် တင့်တယ်ဆန်းပြားစွာ ရေးသားရမည်ဖြစ်သောကြောင့် စာပေပညာရှင်အများတို့ရဲ့ အကူအညီကိုပါ ရယူရပါမည် ဘုရား၊ ထိုကျမ်းတစ်စောင်ဖြစ်မြောက်အောင် ရေးသားရန်အတွက် ငွေ, ရက်, အချိန်လည်း အတော်ကြာပါလိမ့်မည်၊ အသပြာတစ်သိန်းခန့်လည်း ကုန်ကျပါလိမ့်မည်၊ အစစအရာရာ

မှာ ငွေကို ရေလိုသုံးပြီး ရေးသားရမည်ဖြစ်သဖြင့် အသပြာကို ကြိုတင်ထုတ်ပေးတော်မူမှသာ ဖြစ်ပါလိမ့်မည် အရှင်မင်းမြတ်၊ ထိုကျမ်းကြီး ဖြစ်မြောက်ပြီးစီးရေးအတွက် ကျွန်တော်မျိုး တာဝန် ယူပါမည် ဘုရား''

လျှောက်တင်လိုက်လေသည်။

ဘုရင်မင်းမြတ်လည်း များစွာဝမ်းမြောက်တော်မူလျက် မင်းဘဏ္ဍာတိုက်မှ ပညာရှိအမတ်ကြီးအား အသပြာတစ်သိန်း ထုတ်ပေးရန် အမိန့်တော်မှတ်လေသည်။

ပညာရှိအမတ်ကြီးသည် ဘုရင်မင်းမြတ်ထံမှ ရရှိသော အသပြာတစ်သိန်းဖြင့် မြို့ပြင်လေးရပ်တွင် ကြီးကျယ်ခမ်းနားသော ဥယျာဉ်ကြီးတစ်ခုကို တည်ဆောက်စေသည်။ ဥယျာဉ်ထဲတွင် အပန်းဖြေနားနေရန် တည်းခိုဇရပ်များကို ဆောက်စေခြင်း၊ စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်ပြီး ဆင်းရဲသားများနှင့် ဖုန်းတောင်းယာစကာတို့အား ကျွေးမွေးရန် ခဲဖွယ်ဘောဇဉ်များကိုလည်း ချက်ပြုတ်စေလေသည်။

ထို့နောက် ပညာရှိအမတ်ကြီးသည် လေးပြင်လေးရပ်မှ လာလတ်သော ဆင်းရဲသားများနှင့် ဖုန်းတောင်းယာစကာတို့အား ခဲဖွယ်ဘောဇဉ်တို့ဖြင့် ညှိခံကျွေးမွေးပြီးနောက် ...

"ဤအလှူဒါနသည် ဘုရင်မင်းမြတ်အတွက် ရည်စူးပြုလုပ်သော ကုသိုလ်ဒါနဖြစ်သည်၊ ဘုရင်မင်းမြတ်သည် သာရတဟူသော ရာဇဝင်ကျမ်းကြီးတစ်စောင် ရေးသားရန် စိတ်တော်ထက်သန်တော်မူနေ၏။ နောင်တမလွန်ဘဝ၌ သာရတဟူသော ကျမ်းကြီးတစ်စောင်ကို ရေးသားပြုစုနိုင်စွမ်းရှိသော ဘုန်းတန်ခိုးနှင့် ပြည့်စုံကုံလုံသော ဘုရင်တစ်ပါးဖြစ်စေရန် သင်တို့ ဆုတောင်းပေးကြပါလော့"

လာရောက်သမျှသော လေးပြင်လေးရပ်မှ အလှူခံပုဂ္ဂိုလ်တို့အား ဆီးကြိုမိန့်ဆိုကာ နေလေသည်။

ဤသို့ဖြင့် ရက်အတန်ကြာသောအခါ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးအား ခေါ်တော်မူ၍ ...

"အို အမတ်ပညာရှိကြီး ... ငါကိုယ်တော်မြတ် ရေးသားစီရင်စေသော ရာဇဝင်ကျမ်းကြီး ပြီးစီးပါပြီလော"

မေးတော်မူသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အရှင်မင်းမြတ် ... အရှင်မင်းမြတ်၏ သာရတကျမ်းသည် ပြီးစီးလုနီးပါပြီ ဘုရား။ မကြာမီ ကျွန်တော်မျိုး ဆက်သနိုင်ပါလိမ့်မည် အရှင်မင်းမြတ်"

ကျော်စွာစာပေ

လျှောက်တင်ပြီးနောက် မိမိအိမ်သို့ ပြန်ခဲ့လေသည်။ ပညာရှိအမတ်ကြီးသည် အိမ်သို့ရောက်သောအခါ ပေရွက်တို့ကို တစ်ရွက်စီ တစ်ရွက်စီ ထပ်လျက် ကနုတ်ပန်းများ ဖော်ထားသော ရွှေပိန်းချသစ်သားနှစ်ချပ်၏ကြား၌ ညှပ်ပြီးလျှင် သေသပ်လှပသော ပေထုပ်ကို ပြုလုပ်လိုက်လေသည်။ ပေထုပ်ပေါ်တွင် ပိုးသားစတို့ဖြင့် ရစ်ပတ်ပြီးနောက် ကတ္တီပါပိတ်တွင်ထည့်ကာ သိမ်းဆည်းထားလိုက်လေသည်။ မည်သူမဆို ထိုပေထုပ်ကို မြင်သူတိုင်းက အဖိုးတန်ကျမ်းကြီးတစ်ကျမ်းဟု သတ်မှတ်စေရန် ထိုသို့စီမံထားခြင်းပင် ဖြစ်လေသည်။

နောက်တစ်နေ့တွင် ပညာရှိအမတ်ကြီးသည် သွားလေရာသို့ ထိုပေထုပ်ကြီးကို ချိုင်းကြားတွင်ညှပ်လျက် သွားလေ့ရှိ၏။ ဘုရင်မင်းမြတ်ရှေ့တော်သို့ အခစားဝင်လျှင်လည်း ပညာရှိအမတ်ကြီး၏ ချိုင်းကြားတွင် သေသပ်လှသော ကတ္တီပါအိတ်တွင်းမှ ပေထုပ်ကြီးကိုမြင်သောအခါ ...

"အို အမတ်ကြီး ... ငါကိုယ်တော်မြတ်၏ ကျမ်းသည် ပြီးစီးပါဘိလော့"

မေးတော်မူလေသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ပေစာထုပ်ကတ္တီပါအိတ်

ကိုဖြည်ကာ ပေစာရွက်အနည်းငယ်ကို ထုတ်ကြည့်ဟန်ပြုပြီး နောက် ...

"ပြီးစီးလုပါပြီ အရှင်မင်းမြတ်ဘုရား၊ ဒါပေမဲ့ ... ယခု ဖြည့်စွက်ရန် အနည်းငယ်ကျန်ပါတော့တယ် ဘုရား၊ ထိုဖြည့်စွက် ရန် အကြောင်းအရာကိုလည်း မိဖုရားခေါင်ကြီးကို မေးမြန်းပြီးမှ ဖြည့်စွက်ရေးသားလို့ရပါသည် အရှင်မင်းမြတ်၊ အကယ်၍ အရှင် မင်းမြတ်၏အမိန့်တော်ကို ရရှိခဲ့ပါက အရှင်မိဖုရားခေါင်နှင့် ယခု ပင် သွားရောက်တွေ့ဆုံမေးမြန်းလျှောက်ထား ဖြည့်စွက် ရေးသား ပါမည် အရှင်မင်းမြတ်"

လျှောက်တင်လေသည်။

ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီး၏ လက်ထဲတွင် ပေစာထုပ်ကို တွေ့မြင်နေရသောကြောင့် အနည်းငယ်မျှ ယုံမှား သံသယရှိတော်မမူဘဲ တကယ်ဟူ၍ပင် ထင်မှတ်တော်မူ၏။ ထို့ကြောင့် ဘုရင်မင်းမြတ်က ...

"ကောင်းပေပြီ အမတ်ကြီး၊ မိဖုရားကြီးထံသွားပြီး ဖြည့်စွက်စရာရှိသည်ကို မေးမြန်းဖြည့်စွက်ပါက အလုံးစုံပြည့်စုံမှ ငါကိုယ်တော်မြတ်ထံပြန်ပြီး ယူခဲ့ဘိလော့"

မိန့်တော်မူလိုက်လေသည်။

ကျော်စွာစာပေ

ဘုရင်မင်းမြတ်ထံမှ အမိန့်တော်ခံယူ ရရှိသောအခါ ပညာရှိအမတ်ကြီးသည် ဖြည့်ထားသောပေစာထုပ်ကို ပြန်လည် ချည်နှောင်ထည့်သွင်းပြီး မိဖုရားခေါင်ကြီးထံသို့ ရုတ်တရက် ထွက်သွားတော့သည်။ မိဖုရားခေါင်ကြီးထံသို့ ရောက်သွားသော အခါ ရိုသေစွာ ခစားပြီးနောက် ...

"အရှင်မိဖုရားကြီး ... ဘုရင်မင်းမြတ်က သာရတ ကျမ်းကို ရေးသားပြုစုခိုင်းထားပါတယ်၊ ယခု ပြီးစီးလုနီးပါပြီ၊ ဖြည့်စွက်ရန်တစ်ခုသာ ရှိပါတော့တယ်၊ ဖြည့်စွက်ရမယ့် အကြောင်းအရာကလည်း မိဖုရားကြီးရဲ့အခန်းပဲ ရှိပါတော့တယ်၊ ဒါကြောင့် ကျွန်တော်မျိုးက ဘုရင်မင်းမြတ်အမိန့်တော်အရ မိဖုရားကြီးထံကို ယခုလာခဲ့ရခြင်းဖြစ်ပါတယ် ဘုရား၊ အကယ်၍ မိဖုရားခေါင်ကြီး စိတ်တော်ဆိုး အပြစ်တော်မတင်ဘူးဆိုရင် ကျွန်တော်မျိုး လျှောက်တင်လိုပါတယ် ဘုရား"

မိဖုရားခေါင်ကြီးအား လျှောက်ထားတောင်းပန်လေ သည်။

ထိုအခါ မိဖုရားခေါင်ကြီးက ...

"အို ပညာရှိအမတ်ကြီး ... စိတ်ဆိုးအပြစ်တင်ဖွယ် မရှိပါဘိ၊ လျှောက်တင်စရာရှိက လျှောက်တင်ပါဘိလော့"

မိန့်တော်မူ၏။ ထိုအခါ ပညာရှိအမတ်ကြီးက ...

"အရှင်မိဖုရားခေါင်ကြီးဘုရား ... မဟာသာရတာကျမ်း၌ ပဏ္ဍဝမင်း၏မိဖုရားခေါင်ကြီးသည် အမျိုးအနွယ်အားဖြင့်လည်းမြတ်ပါ၏။ သီလသမာဓိဂုဏ်နှင့်လည်း ပြည့်စုံပါ၏။ မင်းအဆက်ဆက်မိဖုရားဖြစ်လာခဲ့သည်မှာ မင်းငါးဆက်မြောက်အထိပင် ဖြစ်လာခဲ့ပါ၏။ အတိုချုပ် လျှောက်ထားရမည်ဆိုလျှင် လင်ငါးယောက်တိတိ ရရှိခဲ့ပါ၏။ ယခု ကျွန်တော်မျိုး ရေးနေသော သာရတာကျမ်း၌ ပါဝင်သည့် မိဖုရားခေါင်ကြီးသည် မင်း ဘယ်နှဆက်, လင် ဘယ်နှယောက် ရခဲ့ပြီး စသည်ကို မသိရှိပါ၊ စဉ်းစား၍ အမိန့်ရှိတော်မူပါ ဘုရား။ ဘုရင်မင်းမြတ်ရဲ့ကျမ်းမှာ ဤအချက်တစ်ခုသာ ထည့်သွင်းရေးသားရန် ကျန်ပါတော့တယ် အရှင်မိဖုရာခေါင်ကြီးဘုရား"

လျှောက်တင်လိုက်လေသည်။

ထိုအခါ မိဖုရားခေါင်ကြီးသည် မိမိအား လင် ဘယ်နှယောက် ရှိခဲ့သနည်းဟု မေးလိုက်ခြင်းအတွက် ဒေါသအမျက်ပြင်းစွာ ထွက်တော်မူလေသည်။ သို့ရာတွင် ပညာရှိအမတ်ကြီးနှင့်ကား ရှေ့ကလည်း တစ်ယောက်ကျေးဇူး တစ်ယောက်ရှိခဲ့သလို စိတ်မဆိုးပါဟု စကားပလ္လင်ခံက ရှိနေပြန်သဖြင့် အတန်ကြာ

အောင် ကြိမ်းမောင်းပြောဆိုပြီးနောက် ...

"အမတ်ကြီး ... သင်သည် ဘုရင်မင်းမြတ်၏အမိန့်တော်အတိုင်း ငါ့ထံသို့ ပြက်ရယ်ပြုရန် လာသည်မဟုတ်လော၊ သင်၏သာရတကျမ်းကို မီးရှို့ပစ်ရန်သာ သင့်ဘိ၏"

မိန့်တော်မူပြီး အနီးရှိ ရဲမွေတော်တို့အား ပညာရှိအမတ်ကြီးထံမှ ပေစာထုပ်ကို လုယူစေကာ မီးရှို့ပစ်ရန် အမိန့်တော်မှတ်လေသည်။ ရဲမွေတော်တို့လည်း မိဖုရားကြီးအမိန့်ကို မလွန်ဆန်ဝံ့ဘဲ ပညာရှိအမတ်ကြီးထံမှ ပေထုပ်ကို လုယူကာ မီးရှို့ပစ်လိုက်ကြလေသည်။

ပညာရှိအမတ်ကြီးကား စိတ်ထဲတွင် များစွာ ဝမ်းသာအားရ ဖြစ်နေသော်လည်း ဝမ်းနည်းဟန်အမူအရာဖြင့် ဘုရင်မင်းမြတ်ထံသို့ ညှိုးငယ်စွာ ပြန်လာခဲ့၏။

ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီး၏မျက်နှာမသာမယာ ဖြစ်နေသည်ကို တွေ့မြင်တော်မူ၍ ...

"အို အမတ်ပညာရှိကြီး ... အသို့ဖြစ်လာဘိသနည်း။ မျက်နှာမသာမယာ ရှိလှဘိသည်၊ ငါကိုယ်တော်မြတ်ရဲ့ သာရတကျမ်းကို မိဖုရားကြီးထံ မေးမြန်းစုံစမ်းလို့ ရခဲ့ပါသလော"

မေးတော်မူသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အရှင်မင်းမြတ် ... မိဖုရားကြီးသည် ကျွန်တော်မျိုး၏ ကျမ်းကို မီးရှို့ဖျက်ဆီးလိုက်ပါပြီ၊ မဟာဘာရတကျမ်းတွင် ပဏ္ဍဝ မင်း၏မိဖုရားခေါင်ကြီးဖြစ်သူ ဒရောက်ပတီ၏အကြောင်းအရာ ပါသကဲ့သို့ အရှင်မင်းမြတ်၏ကျမ်းတွင်လည်း အရှင်မိဖုရားကြီး၏ အကြောင်းအရာပါမှ မဟာဘာရတကဲ့သို့သော ကျမ်းဂန် ဖြစ်နိုင် ပါလိမ့်မည်၊ အရှင်မင်းမြတ်၏အကြောင်းအရာတစ်ခုတည်းသာ ပါ၍ မဖြစ်နိုင်ပါ၊ ကျွန်တော်မျိုး၏ကြိုးပမ်းအားထုတ် ရေးသား ထားချက်တို့မှာ ယခုအခါ မီးစာဘဝသို့ ရောက်သွားရပါပြီ၊ ကျွန်တော်မျိုး၏ အရေးအသား အဖွဲ့အနွဲ့လက်ရာကို အရှင်မင်း မြတ် ဖတ်ရှုရပါက အလွန်နှစ်သက်မြတ်နိုးခြင်း ဖြစ်ပါလိမ့်မည်၊ ပင်ပင်ပန်းပန်း ရေးသားပြုစုချက်တို့သည် ယခုလို မီးစာ ဖြစ်သွား ရသည်မှာ အကြောင်းမဟုတ်ပါ ဘုရား၊ အရှင်မင်းမြတ်၏ ငွေ တစ်သိန်း မီးစာဖြစ်သွားသည်မှာ နှမြောစရာ ဖြစ်ပါသည်၊ ဒါပေ မဲ့ စိုးရိမ်တော်မမူပါနှင့်၊ နောက်ထပ် ကျွန်တော်မျိုး ကြိုးစားပါဦး မည် အရှင်မင်းမြတ်"

လျှောက်တင်လိုက်လေသည်။

ဘုရင်မင်းမြတ်သည် စိတ်မချမ်းမသာဖြစ်တော်မူလျက်

က ...

"အို အမတ်ပညာရှိကြီး ... စာပေရေးသားရာ၌ ဤမျှလောက် စိတ်ဝမ်းကွဲနေရလျှင် မရေးဘဲနေသည်က ကောင်းပါဘိ၏။ နောက်ထပ်လည်း မရေးပါနဲ့တော့ အမတ်ကြီး၊ မိဖုရားကြီးသည် သူ၏အကြောင်းကို မပါစေလိုဟန်တူဘိသည်"

မိန့်တော်မူလေသည်။

ပညာရှိအမတ်ကြီးလည်း စိတ်မကောင်းဟန်ဖြင့် အိမ်သို့ပြန်ခဲ့လေတော့သတည်း။

❄ ❄ ❄

ကျော်စွာစာပေ

## ပညာရှိအမတ်ကြီး၏ အာယုဝဍ္ဎနအသက်ရှည်ဆေး

ပညာရှိအမတ်ကြီး၏ ဂုဏ်သတင်းကျော်စောမှုသည် အိမ်နီးချင်းတိုင်းပြည်အသီးသီးသို့ ပျံ့နှံ့လျက်ရှိလေသည်။ ပညာရှိအမတ်ကြီး ရှိနေသောကြောင့်လည်း ဘုရင်မင်းမြတ်အား မထီမဲ့မြင်ပြုဝံ့သော အိမ်နီးချင်းနိုင်ငံ မရှိပေ။ ပညာရှိအမတ်ကြီးသည် အမှန်အားဖြင့် ဘုရင်မင်းမြတ် လက်ညှိုးညွှန်ရာကို အောင်မြင်ပြီးစီးစေနိုင်သော လိုတရ ဓာတ်လုံးသဖွယ် ဖြစ်နေတော့သည်။

ထိုသို့သော ပညာရှိအမတ်ကြီး၏ ဂုဏ်သတင်းများကြောင့် အိမ်နီးချင်းနိုင်ငံမှ ဘုရင်တစ်ပါးသည် ပညာရှိအမတ်ကြီး

၏ ပညာဉာဏ်စွမ်းရည်ကို စုံစမ်းလိုသဖြင့် အမေးပုစ္ဆာတစ်ပုဒ်ကို ရေး၍ အမတ်ကြီးတစ်ဦးအား သံအဖွဲ့ခေါင်းဆောင်စေပြီး သဝဏ်လွှာနှင့်အတူ ပညာရှိအမတ်ကြီးနိုင်ငံသို့ စေလွှတ်လိုက်လေသည်။

သဝဏ်လွှာအမေးပုစ္ဆာမှာ ...

"အို အကြည်တော်ပြည့်ရှင်မင်းမြတ် ... အကြည်တော်ရဲ့နိုင်ငံတော်၌ အရွက်ကိုသုံးဆောင်ကာမျှနှင့် လူတို့၏အသက် ရှည်စေတတ်သောသစ်ပင်များရှိပါက ညီတော် စားသုံးလိုပါသည်၊ ညီတော်၏သံအမတ်နှင့်အတူ အနည်းငယ်မျှ မေတ္တာထား၍ ပေးသနားလိုက်စေလိုပါသည် နောင်တော်မင်းမြတ်"

ဟူ၍ပင် ဖြစ်၏။

အိမ်နီးချင်းနိုင်ငံ၏ သံအဖွဲ့များ ရောက်ရှိလာသောအခါ ဘုရင်မင်းမြတ်အား သဝဏ်လွှာနှင့်အတူ လက်ဆောင်ပဏ္ဏာများဆက်သကြ၏။ ဘုရင်မင်းမြတ်သည် သဝဏ်လွှာစာကို ဖတ်တော်မူပြီးနောက် ပညာရှိအမတ်ကြီးအားပြလျက် ...

"အို အမတ်ပညာရှိကြီး ... ဤအမတ်သဝဏ်လွှာသည် သင်အမတ်ကြီး၏ပညာဉာဏ်ကို စမ်းသပ်လိုသော အမေးသဝဏ်လွှာသာ ဖြစ်ဘိ၏၊ သင် အသို့ဖြေကြားမည်နည်း"

မိန့်တော်မူ၏။

ထိုအခါ ပညာရှိအမတ်ကြီးက . . .

''အရှင်မင်းမြတ် . . . ရောက်လာသောသံအမတ်နှင့် အတူ အဖွဲ့ဝင်အားလုံးကို ဖမ်းဆီးချုပ်နှောင်ထားလိုက်လျှင် အဖြေထွက်လာပါလိမ့်မည် ဘုရား''

လျှောက်တင်လိုက်လေသည်။

ဘုရင်မင်းမြတ်လည်း ပညာရှိအမတ်ကြီး၏သဘောဆန္ဒ အတိုင်း အိမ်နီးချင်းနိုင်ငံမှ လာရောက်ကြသော သံအမတ်နှင့် တကွ အဖွဲ့ဝင်အားလုံးတို့ကို ဖမ်းဆီးစေပြီး သီးသန့်လုံခြုံသော နေရာတွင် ထားလိုက်လေသည်။

ဤသို့ဖြင့် ရက်အနည်းငယ်ကြာသောအခါ ဘုရင်မင်း မြတ်နှင့်တကွ ပညာရှိအမတ်ကြီးတို့သည် အချုပ်အနှောင်ခံနေရ သော အိမ်နီးချင်းနိုင်ငံမှ သံအဖွဲ့ဝင်များထံသို့ သွားရောက် ကြည့်ရှုတော်မူကြသည်။

ထိုအခါ အဖွဲ့ခေါင်းဆောင်သံအမတ်က ဘုရင်မင်းမြတ် အား မိမိတို့မှာ တစ်စုံတစ်ရာအပြစ်မရှိပါ၊ ဘုရင့်အမိန့်တော်နှင့် သာ လာရောက်ခဲ့ရပါသည်၊ ပြန်ခွင့်ပြုပါရန် တောင်းပန်လျှောက် ထားလေတော့သည်။

ကျော်စွာစာပေ

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အို သံအမတ်ကြီး ... သင်တို့၏ဘုရင်မင်း အလိုရှိသော အာယုဝဍ္ဎနသစ်ရွက်ကို ဆက်သလိုက်လိုသော ဆန္ဒတော်ရှိပါ၏၊ အကြင်အခါတိုင်အောင် အာယုဝဍ္ဎနသစ်ရွက် မရသေးပါ၊ ထိုအခါတိုင်အောင် မလွှတ်နိုင်သေးပါ၊ သင်တို့လည်း ဤအကျဉ်းခန်း၌သာ နေကြရပါဦးမည်၊ ဒါမှမဟုတ် ဤခိုင်ခံ့သော အကျဉ်းခန်းနံရံတို့သည် တစ်ခုစီတစ်ခုစီ ပျက်စီး၍ ပြိုကျသွားပါအံ့၊ ထိုအခါမှ သင်တို့ ကေန်ပင် လွတ်မြောက်ရပေအံ့၊ သင်တို့ ချမ်းသာစွာ နေထိုင်စားသောက်နိုင်ရန်နှင့် သင်တို့၏ကျန်းမာရေး အတွက် ငါ စီမံပေးပါ၏၊ မစိုးရိမ်ကြပါဘိနှင့်"

ပြောဆိုပြီး ဘုရင်မင်းမြတ်နှင့်အတူ အကျဉ်းခန်းမှ ထွက်ခွာလာခဲ့ကြသည်။ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီး ၏ဆန္ဒအတိုင်းသာလျှင် ပြုလုပ်နေရသော်လည်း အမတ်ကြီးသည် မည်သည့်အဓိပ္ပာယ်နှင့် လုပ်နေသည်ကို သူစဉ်းစား၍ မရပေ။

အိမ်နီးချင်းနိုင်ငံသား အကျဉ်းသားသံအဖွဲ့တို့လည်း အကြံအစည် လက်မှိုင်ချ၍သာ နေကြရတော့သည်။ နောက်ဆုံး တွင် ငါတို့သည် ဤအကျဉ်းခန်းမှ လွတ်မြောက်ရေးအတွက်

ဗုဒ္ဓဘုရားရှင်မှတစ်ပါး မှီခိုအားထားရာ မရှိတော့ဟု သိမြင်လာကြသောကြောင့် နေ့စဉ်နှင့်အမျှ ဗုဒ္ဓဘုရားရှင်ကိုသာ တမ်းတဦးခိုက် ရှိခိုးပူဇော်ကြပြီးလျှင် ...

"အို အရှင်ဘုရား ... ဘုရားတပည့်တော်တို့သည် ကြီးစွာသော ဆင်းရဲခြင်းဒုက္ခနှင့် ကြုံကြိုက်ခံစားနေရပါသည် ဘုရား။ တပည့်တော်တို့သည် အရှင်မြတ်ဘုရားမှတစ်ပါး မှီခိုအားထားရာ တစ်စုံတစ်ရာမျှ မရှိပါ၊ အရှင်မြတ်ဘုရားသည် တပည့်တော်တို့၏ ဝဋ်ဒုက္ခဆင်းရဲမှ ကယ်တင်တော်မူပါ ဘုရား"

နေ့စဉ်နှင့်အမျှ ဗုဒ္ဓဘုရားရှင်ကို ရှိခိုးပူဇော်ခြင်း၊ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတို့ကို နှလုံးသွင်းခြင်း၊ ရှစ်ပါးသီလတို့ကို မပေါက်မကျိုးအောင် စောင့်ထိန်းပွားများခြင်းတို့ဖြင့် ရက်များကို ကုန်လွန်စေလေတော့သတည်း။

ဤသို့ သီလစောင့်တည်ခြင်း၊ ဂုဏ်တော်ကိုးပါးတို့ကို နှလုံးသွင်းပွားများခြင်းဖြင့် အချိန်တန်လာကြရာမှ တစ်နေ့တွင် အလွန်ကြီးမားသော မြေငလျင်သည် တုန်လှုပ်တော့သည်။ ထိုအခါ အကျဉ်းခန်း၏နံရံတို့သည် ပြိုကျပျက်စီးကုန်လေသည်။ အနီးအနားရှိ အခြားအဆောက်အအုံတို့လည်း ပျက်စီးပြိုကျကုန်သည်။ အိမ်နီးချင်းနိုင်ငံမှ သံအဖွဲ့ဝင်တို့လည်း အကျဉ်းခန်းမှ

ထွက်၍ ဘုရင်မင်းမြတ်စံရာ နန်းတော်သို့ လာရောက်ခစားပြီး နောက် ...

"အရှင်မင်းမြတ် ... ကျွန်တော်မျိုးတို့၏ အကျဉ်းခန်း အုတ်နံရံများ ပြိုကျကုန်ပါပြီ၊ ပညာရှိအမတ်ကြီး၏ ကတိစကား အရ ကျွန်တော်မျိုးတို့အား ပြန်ခွင့်ပြုတော်မူပါ ဘုရား"

လျှောက်တင်လေသည်။

ထိုအခါ ... ဘုရင်မင်းမြတ်လည်း ပညာရှိအမတ်ကြီး အား ရှေ့တော်သို့ ခေါ်ယူပြီး အကျိုးအကြောင်းကို တိုင်ပင်တော်မူ လေသည်။ ပညာရှိအမတ်ကြီးသည် သံအမတ်ကြီးနှင့်အဖွဲ့ဝင် အားလုံးတို့ကို ဘုရင်မင်းမြတ်ရှေ့တော်သို့ ခေါ်ယူခစားစေပြီး နောက် ...

"အို သံအမတ်ကြီးနှင့် သံအဖွဲ့ဝင်အပေါင်းတို့ ... သင်တို့၏ဘုရင့်အလိုဆန္ဒနှင့် အမေးပုစ္ဆာသည် ယခုအခါ အဖြေ ထွက်နေပေပြီ၊ အကယ်၍ မရှင်းလင်းသေးပါက နားထောင်ကြဘိ ဦး ... ငါ ရှင်းပါအံ့ ...၊

သံအဖွဲ့အဖြစ် လာရောက်သော သင်တို့အဖွဲ့သည် အရေအတွက်အားဖြင့် တစ်ရာမျှသာ ရှိဘိသည်။ ထိုတစ်ရာ မျှသောသူတို့၏ ကောင်းမြတ်သောအကျင့်သီလသာရတနှင့်

အကျဉ်းခန်းမှ လွတ်မြောက်လိုသော ပြင်းပြသောစိတ်ဆန္ဒကြောင့် အလွန်ခိုင်ခံ့သော အကျဉ်းခန်းနံရံတို့သည် ပြိုကျသွားလေပြီ၊ ကောင်းသော အကျင့်သီလရှိသော လူထုဆန္ဒတန်ဖိုးသည် မည်မျှ အစွမ်းထက်သည်ကို သင်တို့ ယခုပင် မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပေပြီ ...၊

အကြင်တိုင်းပြည်၌ နေထိုင်ကြကုန်သော မင်းနှင့် ပြည်သူတို့သည် မကောင်းသောအကျင့်စာရိတ္တနှင့် မကောင်းသော အကုသိုလ်စိတ်ဆန္ဒ ရှိငြားအံ့၊ ထိုတိုင်းပြည်၏ မင်းနှင့်ပြည်သူတို့သည် မည်သို့မျှ အသက်ရှည်ကြာမနေနိုင်ကြပေ၊ တစ်နေ့တခြား ဆုတ်ယုတ်ပျက်စီးခြင်းသော ရှိပေသည်၊ ငါတို့၏တိုင်းနိုင်ငံမှာ ဘုရင်မင်းမြတ်နှင့်ပြည်သူအားလုံးတို့သည် ကောင်းသော အကျင့် သီလငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းကြကုန်ဘိသည်၊ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်ကိုးပါး, တရားဂုဏ်တော်, သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်တော်ကိုးပါးတို့ကို ပွားများအောက်မေ့သောစိတ်ဆန္ဒ ရှိကြကုန်ဘိသည်၊ အလွန်ဆင်းရဲသော ဖနပုဒ်သားတို့သည်ပင် မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းအမှုကို မပြုလုပ်ကြပေ၊ ကောင်းသော, ရိုးဖြောင့်သော သမ္မာဇီဝဖြင့်သာ အသက်မွေးကြကုန်ဘိသည် ...၊

ကျော်စွာစာပေ

ဤသို့သော အကျင့်သီလ စောင့်ထိန်းခြင်း, ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တော်တို့ကို ပွားများခြင်းနှင့် သမ္မာဇီဝ တို့ကြောင့် အသက်ရှည်ကြပါဘိ၏၊ တစ်ဦးနှင့်တစ်ဦး အမိသား ချင်းကဲ့သို့ သဘောထားစောင့်ရှောက်ကြဘိ၏။ ဒါကြောင့် ငါတို့ ၏တိုင်းပြည်၌ အာယုဝဍနသစ်ရှက်သည် သင်တို့ ကြားသိနေကြ ဟန်တူဘိ၏ . . . ၊

အခု ငါပြောသောစကားကို ကောင်းစွာ မှတ်သားသွား ပါလေ၊ ငါတို့၏တိုင်းပြည်မှာ ကိုယ့်ထက်အားနည်းသူကို နိုင် ထက်စီးနင်း မပြုကြပါ၊ အကယ်၍ ပြုလုပ်မိလျှင် ကိုယ့်ထက် အားကြီးသူ၏ အနှိပ်စက်ကို ခံကြရမည်ကို သိကြပေ၏၊ ဆင်းရဲ သား ကျောမွဲဇနပုဒ်သားတို့၏ ချွေးနှဲစာကို အဓမ္မမပြုကြပါ၊ အကယ်၍ ပြုလုပ်ခဲ့သော် မိမိ၏စည်းစိမ်ဥစ္စာအားလုံးသည် ပျက် ပြုန်းတတ်သည်ဟူသော တရားဓမ္မကို လက်ကိုင်ထားကြဘိ ၏ . . . ၊

အို သံအဖွဲ့ဝင်အပေါင်းတို့ . . . ငါတို့၏ မင်းနေပြည် တော် ဘုရင်မင်းမြတ်နှင့်ပြည်သူတို့သည် သူတစ်ပါး၏သားမယား တို့ကို အမိ, နှမ, ညီမသဖွယ် ထင်မှတ်စောင့်ရှောက်ကြဘိသည်၊ အလုံးစုံသော သက်ရှိသတ္တဝါတို့၏အသက်ကို မိမိ၏အသက်ကဲ့

သို့ မြတ်နိုးကြကုန်ဘိသည်၊ မည်သူ့ကိုမျှ ဒုက္ခမပေးကြပေ . . ၊

အို သံအဖွဲ့ဝင်အပေါင်းတို့ . . . ငါတို့၏တိုင်းပြည်ရှိ ဘုရင်မင်းမြတ်နှင့် ပြည်သူတို့သည် ဤသို့သော အကျင့်သီလ ရှိကြကုန်ပေသည်၊ ငါတို့ထံမှာရှိသော အာယုဝဍ္ဍနသစ်ရွက်မှာ ဤဆိုခဲ့သော အကျင့်သီလစာရိတ္တနှင့် ပြည်သူတို့၏ စိတ်ဆန္ဒပင် ဖြစ်ပါလေသည်''

ရှင်းလင်းပြောပြလိုက်လေသည်။

ပညာရှိအမတ်ကြီး၏စကားကိုကြားကြရသော အိမ်နီး ချင်းနိုင်ငံမှ အဖွဲ့ဝင်အပေါင်းတို့သည် ပညာရှိအမတ်ကြီး၏ ခြေ အစုံကို ဦးတိုက်ပြုပြီးလျှင် အမျိုးမျိုးသောချီးကျူးစကားတို့ကို ပြောဆိုကြလေသည်။

ဘုရင်မင်းမြတ်သည်လည်း အိမ်နီးချင်းသံအဖွဲ့ဝင်တို့ အား လက်ဆောင်ပဏ္ဏာများနှင့် စားနပ်ရိက္ခာများ အပြည့်အစုံ ပေးလျက် နှစ်နိုင်ငံနယ်ခြားအရောက်သို့တိုင်အောင် လိုက်လံပို့ ဆောင်တော်မူလေသည်။

သံအမတ်ကြီးနှင့်တကွ သံအဖွဲ့တို့သည် မိမိတို့၏နိုင်ငံသို့ ရောက်သောအခါ မိမိတို့ ဖြစ်ပျက်တွေ့ကြုံခဲ့ရပုံ အလုံးစုံနှင့် ပညာရှိအမတ်ကြီး၏ ဆုံးမဩဝါဒစကားတို့ကို ဘုရင်မင်းမြတ်

အား ပြန်လည်လျှောက်တင်ကြလေသည်။

အိမ်နီးချင်းဘုရင်လည်း များစွာ နှစ်သက်အားရတော်မူသဖြင့် ပညာရှိအဲမတ်ကြီး၏ ပညာဂုဏ်ကို ချီးကျူးပြောဆို၍ မဆုံးအောင် ရှိလေတော့သတည်း။

❋ ❋ ❋

ကျော်စွာစာပေ

## ပညာရှိအမတ်ကြီး၏ လောကပါလတရားဖြတ်ထုံး

ရှေးလွန်လေပြီးသောအခါက တိုင်းပြည်တစ်ပြည်၏ ရပ်ကွက်တစ်ခုတွင် အိမ်ထောင်နှစ်ခုတို့သည် နှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့ကြလေသည်။ တစ်အိမ်နှင့်တစ်အိမ်မှာ ခြံစည်းရိုးသာ ခြားသည်။ တစ်မြို့တည်း၊ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း အိမ်ချင်းယှဉ်၍ နေထိုင်လာခဲ့ကြသော်လည်း ထိုအိမ်နီးချင်း မိသားစုနှစ်စုသည် အချင်းချင်း မသင့်မြတ်ခဲ့ကြပေ။

စီးပွားရေးနှင့်ပတ်သက်၍ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်လာကြ၏။ ထိုမိသားစုနှစ်စုအနက် တစ်စုမှာ စိတ်သဘောထားရိုးသား ဖြူစင်ဖြောင့်မတ်သည်။ မတရားမှုကို ပြုလုပ်ခြင်းမရှိ

ကျော်စွာစာပေ

သလို ကိုယ်ချင်းစာတရားရှိသူ ဖြစ်လေသည်။

နောက်တစ်ဦးမှာ စိတ်ထားယုတ်မာကောက်ကျစ်သူ ဖြစ်၏။ မိမိတစ်ဦးတည်းကိုသာ အလေးအနက်ထားသူ ဖြစ်၏။ ဤသို့ဖြင့် ထိုမိသားစု အိမ်နီးချင်းနှစ်ဦးတို့သည် သဘောထား ချင်း တစ်မျိုးစီ ဖြစ်နေကြလေသည်။

ကောက်ကျစ်ယုတ်မာသော စိတ်ထားရှိသူ အိမ်ထောင် စုမှာ အိမ်နီးချင်းဖြစ်သူ သဘောထားကောင်းမွန်ဖြူစင်သော အိမ်ထောင်စုအား အမြဲလိုလိုပင် မထီမဲ့မြင်ပြုလျက်ရှိ၏။ သို့သော် ဖြူစင်ဖြောင့်မတ်သော စိတ်သဘောထားရှိသူတို့အား မည်သည့် အခါကမျှ မထီမဲ့မြင် မထီလေးစား မလုပ်ခဲ့ကြပေ။

တစ်နေ့တွင် စိတ်သဘောထား ယုတ်မာကောက်ကျစ် သော အိမ်ထောင်စုမှ ကလေးငယ်တစ်ယောက်သည် ရောဂါဖြင့် သေဆုံးသွားလေသည်။ ထိုအခါ မိမိတို့၏ကလေးအလောင်းကို ညအချိန်တွင် ရိုးသားဖြောင့်မတ်သော မိသားစုတို့နေထိုင်ရာ ခြံစည်းရိုးအတွင်းသို့ ပစ်ထားပြီးနောက် ဝိုကြွေးမြည်တမ်းကာ နန်းတော်တွင်းသို့သွား၍ ဘုရင်မင်းမြတ်အား လျှောက်ထား တိုင်တန်းလေတော့သည်။

ဘုရင်မင်းမြတ်သည် ထိုလူသတ်မှုကို စီရင်ဆုံးဖြတ်ရန်

ပညာရှိအမတ်ကြီးထံသို့ လွှဲအပ်တော်မူလိုက်၏။ သို့နှင့်ပင် ပညာရှိအမတ်ကြီးသည် ရိုးသားဖြောင့်မတ်သောမိသားစုမှ အိမ်ရှင်မိန်းမအား ခေါ်ယူကာ ...

"အချင်းနှမငယ် ... သင်၏အိမ်နီးချင်းညီမငယ်က သင်သည် သူ၏သားကို သတ်ပစ်လိုက်ကြောင်းနှင့် တရားစွဲဆိုထားဘိသည်။ ယင်းအမှုအတွက် သင့်မှာ တရားခံဖြစ်နေပေသည်။ သင့်မှာ အပြစ်မရှိကြောင်းကို မည်သို့ ထုချေမည်နည်း"

မေးတော်မူ၏။

ထိုအခါ ရိုးသားဖြောင့်မတ်သော အိမ်ရှင်မိန်းမက ...

"မည်သူမည်ဝါသည် ကလေးငယ်၏အလောင်းကို ကျွန်တော်မျိုးမ၏ခြံထဲသို့ လာပစ်ထားသည်ကို မသိရပါ၊ ဖခင်သာလျှင် စဉ်းစားဆုံးဖြတ်ပေးတော်မူပါ၊ ကျွန်တော်မျိုးမမှာ စကားများများပြောရန် အလေ့အထ အကျင့်မရှိပါ ဖခင်"

လျှောက်ထားလေသည်။

ထိုစကားကိုကြားလျှင် ပညာရှိအမတ်ကြီးသည် ကလေးငယ်၏အလောင်းကို ကိုယ်တိုင်သွားရောက်ပြီး ကြည့်ရှုစမ်းသပ်ကြည့်လေသည်။ ကလေးငယ်မှာ လူတစ်ဦးတစ်ယောက်က သတ်၍သေရသော အသေမျိုးမဟုတ်ပေ။ ရောဂါတစ်ခုဖြင့်

သေဆုံးခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။ သို့သော် မိုမိုထင်ရှားစေရန်အတွက် ရိုးသားဖြူစင်သော ထိုတရားခံမိန်းမအား ခေတ္တချုပ်နှောင်ထားစေလိုက်သည်။ ထို့နောက် မိမိ၏ သစ္စာရှိမင်းချင်းတစ်ဦးအား ထိုအကြောင်းအရာနှင့်ပတ်သက်သော သတင်းအလုံးစုံတို့ကို သွားရောက်စုံစမ်း လေ့လာစေလိုက်သည်။

မင်းချင်းလည်း သွားရောက်လေ့လာ စုံစမ်းခဲ့ပြီးနောက် ပညာရှိအမတ်ကြီးအား ...

"ကလေးငယ်သည် မမာမကျန်းဖြစ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ တရားလိုမိန်းမသည် အလွန်စိတ်ယုတ်မာသူ ဖြစ်ပါတယ်၊ အမြဲတစေလည်း ရိုးသားသော တရားခံမိန်းမအပေါ်တွင် အကောက်ကြံလျက်ရှိပါတယ်၊ တရားခံမိန်းမမှာ စိတ်ထားမွန်မြတ်သူတစ်ဦးဆိုတာလည်း သိခဲ့ရပါတယ် အရှင်မင်းမြတ်"

စသည်ဖြင့် လျှောက်တင်လေသည်။

ပညာရှိအမတ်ကြီးသည် ကလေးငယ်၏အလောင်းကို ကိုယ်တိုင်စမ်းသပ်ကြည့်ရှု စစ်ဆေးခဲ့၍ သိရှိရခြင်းနှင့်အတူ မင်းချင်း၏ အစီရင်ခံချက်များကိုပါ ပေါင်း၍ စဉ်းစားဆင်ခြင်ပြီးနောက် တရားလိုမိန်းမသည် လိမ်လည်လှည့်ဖြား၍ တိုင်တည်သည်မှာ ထင်ရှားလာ၏။

သို့သော် အမှုကို ပိုမိုထင်ရှားသည်ထက် ထင်ရှားစေရန် ရက်ချိန်းပေးလိုက်လေသည်။

သတ်မှတ်ထားသော ရက်ချိန်းသို့ရောက်သောနေ့တွင် ပညာရှိအမတ်ကြီး၏ လူသတ်မှုတရားစီရင်ဆုံးဖြတ်ချက်ကို လာရောက်နားထောင်သော ပရိသတ်တို့ဖြင့် နန်းရင်ပြင်တွင် ပြည့်လျှက် ရှိနေသည်။

တရားခံမိန်းမ၏ လင်ယောကျ်ားနှင့် သားသမီးများလည်း အသင့်ရောက်နေကြသည်။ ပညာရှိအမတ်ကြီးသည် တရားဆုံးဖြတ်ရာ ပလ္လင်ထက်မှ တရားခံမိန်းမအား ရှေးဦးစွာ ခေါ်၍ ...

"အို နှမငယ် ... အကယ်၍ သင်သည် ကလေးငယ်ကို မသတ်ရိုးအမှန်ဖြစ်ခဲ့ပါမူ သင်၏ကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အားလုံးကို ပရိသတ်အလယ်၌ ချွတ်၍ ရပ်ပြဘိလော၊ ငါပြောသည့်အတိုင်း မပြုလုပ်ရဲလျှင် သင်သည် တရားခံအစစ်ပင် ဖြစ်လိမ့်မည်"

ထိုအခါ တရားခံမိန်းမက ...

"အို ဖခင်အမတ်ကြီး ... မနက်ဖြန်ကျမှ သတ်မည့်အစား ယနေ့ပင် သတ်လိုက သတ်ပါ၊ ကျွန်တော်မျိုးမသည်

ယင်းအမှုကို မပြုဝံ့ပါ ဖခင်''

လျှောက်တင်လေသည်။

ထို့နောက် ပညာရှိအမတ်ကြီးသည် တရားလိုမိန်းမကို ခေါ်ယူပြီးနောက် ...

''အချင်းနှမ ... သင်၏သားငယ်ကို တရားခံမိန်းမ သတ်ကြောင်း အမှန်တကယ်သိခဲ့သော် သင်သည် မင်းပရိသတ် အလယ်၌ သင်၏အဝတ်အစားကိုချွတ်၍ ကိုယ်လုံးတီးရပ်ပြဘိ လော့၊ အကယ်၍ ငါပြောတိုင်း သင်မလုပ်ဝံ့သော် သင်သည် လီဆယ်၍ တိုင်တန်းသူအဖြစ် သင့်အား အပြစ်ပေးရလိမ့်မည်''

ထိုစကားကို ကြားသောအခါ စိတ်ထားကောက်ကျစ် သော တရားလိုမိန်းမသည် လျင်မြန်စွာ နေရာမှထ၍ အဝတ် အစားတို့ကို ချွတ်မည်ပြုလေသည်။ ထိုအခါ ပညာရှိအမတ်ကြီး က လက်ဖြင့် တားမြစ်လျက် ...

''သင်တို့နှစ်ယောက်သည် မည်သူတရားခံအစစ် ဖြစ် ကြောင်း ငါ သိရှိရပေပြီ၊ လောက၌ ဟီရိဟုဆိုအပ်သော အရှက် တရား, ဩတ္တပ္ပဟုဆိုအပ်သော အကြောက်တရား ထိုသို့သော လောကပါလတရားနှစ်ပါးသည် လောကလူသားတို့အား ထိန်း သိမ်းထားသည်၊ ထိုတရားနှစ်ပါး ပျက်သုဉ်းခဲ့လျှင် ဤလောက

ကြီးသည်လည်း တိရစ္ဆာန်များကဲ့သို့ ဖြစ်ကုန်လေလိမ့်မည် ...၊

အို ပရိသတ်အပေါင်းတို့ ... အကြင်ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် ဟီရိဩတ္တပ္ပတရားမရှိ၊ ထိုပုဂ္ဂိုလ်သည် မည်သည့် အကုသိုလ်ကိုမဆို ပြုလုပ်ရန် ဝန်မလေး။ သူတစ်ပါး ကဲ့ရဲ့မည် ကိုလည်း မရှက်၊ ဖုံးကွယ်အပ်သောအရာကို သူတစ်ပါးမြင်သည် ကိုလည်း အရေးမစိုက်ချေ။ အကုသိုလ်ဒုစရိုက်ကိုလည်း အလွယ် တကူပြုမည် ကေန်ဖြစ်ဘိ၏။ အကြင်ပုဂ္ဂိုလ်သည် အရှက် အကြောက် တရားမရှိ၊ ထိုပုဂ္ဂိုလ်သည် ရွံ့ထိတ်လန့်ခြင်း မရှိဘဲ မည်သည့်အကုသိုလ်မှုကိုမဆို ပြုလုပ်စုံ ပြုလုပ်ရဲသည်၊ သူ့ အတွက် တမလွန်လောက၌ ခံစားရမည့် ငရဲဘေးဟူသည် မရှိဟု ယူဆဘိသည် ...၊

ဤပစ္စက္ခဘဝ၌ ခံစားရမည့် အပြစ်ဒဏ်ကိုလည်း မကြောက်ပေ၊ ဒါကြောင့် ဟီရိ-ဩတ္တပ္ပဟုဆိုအပ်သော လောက ပါလတရားနှစ်ပါးသည် တိရစ္ဆာန်များနှင့်မတူ လူဟူသောအမည် ကိုရအောင် ထိုတရားနှစ်ပါးဖြင့်သာလျှင် ကွပ်ကဲထားသည်၊ အကြင်တိုင်းပြည်သည် ထိုတရားနှစ်ပါး ချို့တဲ့ခဲ့သော် တိုင်းပြည် အင်အားလည်း တစ်နေ့တခြားလည်း ဆုတ်ယုတ်မည်သာ ဖြစ် သည်၊ ဥပမာအားဖြင့် တောင်းကို မပျက်စီးအောင် တောင်း၏

အနားတွင် ကြိမ်တို့ဖြင့်ကွပ်ကဲထားမှသာ ထိုတောင်းသည် ကြာရှည်စွာ တည်တံ့ခိုင်မြဲနိုင်သကဲ့သို့ လူတို့မပျက်စီးလေအောင် ထိုတရားနှစ်ပါးဖြင့်သာ ထိန်းကွပ်ထားရဘိမည် ...။

အို ပရိသတ်အပေါင်းတို့ ... ဤတရားလိုမိန်းမသည် အရှက်တရားမရှိသူ ဖြစ်၍ အကြောက်တရားလည်း ရှိမည်မဟုတ်ပေ၊ အရှက်အကြောက်မရှိသူသည် မည်သည့်ဒုစရိုက်မှု အကုသိုလ်ကိုမဆို ပြုလုပ်ဝံ့ ပြုလုပ်ရဲမည်ဖြစ်၏၊ ဤတရားလိုမသည် တရားခံမိန်းမကို မလိုမုန်းထား၍ သက်သက်လိမ်လည် လှည့်ဖြားကာ တိုင်တန်းခြင်းသာဖြစ်ချိမ့်မည်''

ပြောဆိုရှင်းလင်းပြီး တရားလိုမိန်းမအား ဖမ်းဆီးစေလိုက်သည်။ ထို့နောက် အမှန်ကိုပြောရန် အတင်းအကျပ် စစ်ဆေးရန် မင်းချင်းတို့အား စေခိုင်းလိုက်၏။

ထိုအခါ တရားလိုမိန်းမကလည်း မကွယ်ဝှက်နိုင်တော့ဘဲ အမှန်အတိုင်းပင် ဖွင့်ဟဝန်ခံရလေတော့သည်။ ပညာရှိအမတ်ကြီးသည် တရားလိုမိန်းမအား ထိုက်သင့်သောအပြစ်ဒဏ်ကိုပေးပြီး တရားခံမိန်းမကို လွှတ်ပေးလိုက်တော့သည်။

လာရောက်နားထောင်ကြသော ပရိသတ်အပေါင်းတို့လည်း ပညာရှိအမတ်ကြီး၏ ဆုံးဖြတ်ချက်ကို ကြားရမြင်ကြရ

သောအခါ အံ့ဩကုန်ကြသည်။ အခြားသော မှူးကြီးမတ်ရာတို့လည်း ပညာရှိအမတ်ကြီးသည် ဟီရိ–အရှက်တရားမရှိခဲ့လျှင် ဩတ္တပ္ပ–အကြောက်တရား မရှိနိုင်။ ဟီရိ–ဩတ္တပ္ပနှစ်ပါး မရှိခဲ့သော် အကုသိုလ်ဒုစရိုက်တရား ပြုလုပ်ဝံ့သည်ဟု လောကပါလတရားနည်းဖြင့် စီရင်ဆုံးဖြတ်သော ဖြတ်ထုံးကို လွန်စွာအံ့ဩကာ ပညာရှိအမတ်ကြီး၏ ပညာဂုဏ်ကို ချီးကျူးပြောဆိုနေကြလေတော့သတည်း။

❄ ❄ ❄

ကျော်စွာစာပေ

## အမတ်ကြီး၏ မဆုံးနိုင်သောပုံပြင်

ရှေးလွန်လေပြီးသောအခါက ပညာဗဟုသုတကို လွန်စွာလိုလားတော်မူသော ဘုရင်တစ်ပါးရှိလေသည်။ ထိုဘုရင်မင်းမြတ်သည် စာပေကျမ်းဂန်များကို အားလပ်ခွင့်ရသည့်အချိန်တိုင်း ဖတ်ရှုတော်မူသည်။ အခြားသူတို့ထံတွင်လည်း ဗဟုသုတဖြစ်ဖွယ်သော စကားတို့ကို နာယူမှတ်သားလေ့ရှိသည်။ အခြားသူများပြောသော ပုံတိုပတ်စတို့ကိုလည်း အမြဲမပြတ် နားထောင်တော်မူလေသည်။

ထို့ကြောင့် အပါးတော်တွင် ခစားနေကြသော မှူးကြီးမတ်ရာများအနက် ပုံပြောကောင်းသူ မှူးကြီးမတ်ရာများကို

သီးခြားရွေးချယ်ထား၏။ ထိုရွေးချယ်ခံထားရသူများသည် ဘုရင်မင်းမြတ်အား ညစဥ်ညတိုင်း တစ်ယောက်တစ်လှည့်စီ ပုံပြောပြကြရ၏။

တစ်နေ့သောအခါ ဗညာရှိအမတ်ကြီးသည် ပုံပြောရန်အလှည့်ကျလေသည်။ သို့နှင့်ပင် ပညာရှိအမတ်ကြီးသည် သတ်မှတ်ထားသောအချိန်တွင် ပုံဝတ္ထုတစ်ခုကို စတင်၍ ပြောရတော့၏။ ပညာရှိအမတ်ကြီးသည် စကားပြောကောင်းသူတစ်ဦးဖြစ်သဖြင့် ဘုရင်မင်းမြတ်သည် အမတ်ကြီး၏ပုံပြင်ကို နားထောင်၍မပြီးနိုင်အောင်ရှိ၏။ သို့ဖြင့် ပုံပြင်တစ်ပုဒ်ဆုံးသွားသောအခါ ဘုရင်မင်းမြတ်သည် ခေတ္တအနားယူခွင့်ပြုပြီးနောက် ...

"အို အမတ်ပညာရှိကြီး ... သင်၏ပုံပြင်များသည် နားထောင်၍ မပြီးအောင် ကောင်းလှဘိသည်၊ ဒါကြောင့် နောက်ထပ်ပုံပြင်တစ်ပုဒ်ကို ဆက်၍ပြောပါဘိ"

မိန့်တော်မူ၏။

ပညာရှိအမတ်ကြီးလည်း ဒုတိယအကြိမ်မြောက် ပုံပြင်တစ်ပုဒ်ကို ပြောပြန်သည်။ ဒုတိယပုံပြင်ဆုံးသောအခါ ဘုရင်မင်းမြတ်သည် တတိယမြောက်ပုံပြင်ကို ပြောခိုင်းပြန်သည်။ အချိန်မှာလည်း ညဥ့်နက်သန်းခေါင်သို့ ရောက်နေပေပြီ။

ပညာရှိအမတ်ကြီးမှာ ထပ်ကာထပ်ကာ ပုံပြောနေရသဖြင့် စိတ်ညစ်လာလေသည်။ ထို့ကြောင့် ပညာရှိအမတ်ကြီးသည် ဘုရင်မင်းမြတ်အား မည်သို့သောပုံပြင်ကိုပြောပြရလျှင်ကောင်းမည်နည်းဟု ကြံစွေးပြီးနောက် ...

"အို အရှင်မင်းမြတ် ... ကျွန်တော်မျိုး ယခုပြောမည့်ပုံသည် အလွန်ရှည်လျားလွန်းပါတယ် ဘုရား၊ အရှင်မင်းမြတ်ဆုံးအောင် နားထောင်နိုင်ပါမည်လော"

လျှောက်တင်လေသည်။

ထိုအခါ ဘုရင်မင်းမြတ်က ...

"ပြောသာပြောပါ၊ မိုးလင်းသွားပါစေ ... ငါကိုယ်တော်မြတ် နားထောင်ပါမည်"

မိန့်တော်မူသည်နှင့် ပညာရှိအမတ်ကြီးသည် တတိယမြောက်ပုံပြင်ကို အစပျိုး၍ ပြောလေတော့၏။

"ရှေးအခါက တောရွာကြီးတစ်ရွာတွင် ပစ္စည်းဥစ္စာအလွန်ချမ်းသာကြွယ်ဝသော လယ်သမားကြီးတစ်ဦး ရှိပါတယ်ဘုရား၊ ထိုလယ်သမားကြီးသည် မိမိလယ်မှထွက်သော စပါးများနှင့် အခြားလယ်များမှ လယ်ထောက်ခရသော စပါးများကိုပါပေါင်း၍ လုံခြုံစွာသိုမှီးရန်အတွက် ကြီးမားသော ကျီတစ်ခုကို

ဆောက်လုပ်လေသည် …၊

ဆောက်လုပ်ပြီးသွားသောအခါ မိမိပိုင်စပါးဟူသမျှကို ထိုကျီ၏အတွင်း၌ သိုလှောင်ထားလိုက်တော့၏။ ကျီ၏အပေါ်တွင်လည်း နွားချေးတို့ဖြင့် အထပ်ထပ် လိမ်းကျံထားသဖြင့် စပါးကျီအတွင်းသို့ မိုးရေနှင့်နေပူမှာကိုပင် မဆိုထားဘိ … လေမျှပင်မတိုးမဝင်နိုင်အောင် ကောင်းစွာပြုလုပ်စီမံ၍ ထားခဲ့သည် …၊

တစ်နေ့တွင် ကြွက်တစ်ကောင်သည် ထိုကျီကို သွားဖြင့်ကိုက်ဖောက်ရာ အပေါက်တစ်ပေါက် ဖြစ်သွားတော့၏။ ထိုအခါ စာငှက်ကလေးများသည် ကြွက်ဖောက်ရာအပေါက်မှဝင်ပြီးနောက် စပါးစေ့များကို တစ်စေ့စီ နှုတ်သီးဖြင့်ကိုက်ချီပြီးလျှင် မိမိတို့သိုက်မြုံရှိရာသို့ ပျံသန်းကြသည်၊ ကြွက်ကိုက်ဖောက်သည့် ကျီပေါက်မှာ စာငှက်တစ်ကောင်စာသာ ကျယ်သဖြင့်စာကလေးတစ်ကောင် ဝင်သွားပြီး ပျံထွက်သွားမှ ဒုတိယမြောက်စာငှက်သည် အပေါက်မှတိုးဝင်ကာ စပါးစေ့ကိုချီ၍ သွားပြန်ပါတယ် အရှင်မင်းမြတ်''

ပညာရှိအမတ်ကြီးသည် ဤနည်းအတိုင်း ပြောခဲ့ရာငှက်အပေါင်း အကောင်တစ်ရာပြည့်သွားတော့သည်။ ဘုရင်မင်းမြတ်လည်း ငြီးငွေ့လာတော်မူသဖြင့် ပညာရှိအမတ်ကြီးအား

"အို အမတ်ပညာရှိကြီး ... ဤစကားကို ငါကိုယ်တော်မြတ် ခဏခဏ ကြားနေတော်မူရပြီးပါပြီ၊ ရှေ့သို့ဆက်၍ ပြောဘိဦး"

မိန့်တော်မူလေသည်။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အို ပြည့်ရှင်မင်းမြတ် ... စပါးစေ့ကို စားလိုသော လောဘကြောင့် ကုဋေကုဋာမည်သော စာငှက်တို့မှာ စပါးကျီ အနီးတွင် စုရုံးရောက်ရှိနေကြပါတယ် ဘုရား၊ သူတို့ဟာ အစား အစာများကို အလုည့်ကျ ယူဆောင်နေကြရပါတယ်၊ ယခုမှ စာငှက်ပေါင်း တစ်ရာမျှသာ ရှိပါသေးတယ် ဘုရား၊ ငှက်အားလုံး စေ့စေ့ငှငှ ဝမ်းဗိုက်ဝအောင် အစာရသွားမှသာ သည်ပုံပြင် အဆုံးသတ်လို့ ရနိုင်ပါလိမ့်မယ် အရှင်မင်းမြတ်"

လျှောက်တင်လေသည်။

ထိုအခါ ဘုရင်မင်းမြတ်က ...

"အို အမတ်ကြီး ... ငါကိုယ်တော်မြတ်မှာ အမတ်ကြီး ပုံပြင်ကို ဤမျှလောက်ကြားရလျှင် တော်ပါပြီ၊ အမတ်ကြီးရဲ့ ပုံပြင်ကို ရှေ့ဆက်မပြောပါနဲ့တော့"

မိန့်တော်မူလိုက်လေသည်။

ပညာရှိအမတ်ကြီးက ...

"မှန်ပါ အရှင်မင်းမြတ် ... နောက်တစ်ပတ် ကျွန်တော် မျိုးအလှည့်ရောက်မှ ဆက်၍ပြောပြပါတော့မယ် ဘုရား"

လျှောက်တင်သောအခါ ဘုရင်မင်းမြတ်က လက်ဝါးကာ တော်မူပြီး –

"တော်ပါပြီ အမတ်ပညာရှိကြီး၊ နောက်တစ်ပတ် သင် အမတ်ကြီးအလှည့်ကျလျှင် အမတ်ကြီးမလာပါနဲ့တော့၊ ငါကိုယ် တော်မြတ် သင်အမတ်ကြီးအား ခွင့်လွှတ်တော်မူဘိတယ်"

မိန့်တော်မူလိုက်လေတော့သတည်း။

❄ ❄ ❄

ကျော်စွာစာပေ

## ပန်းထိမ်ဆရာဟူသည်

ရှေးလွန်လေပြီးသောအခါက ဘုရင်မင်းတစ်ပါးသည် မိမိနိုင်ငံတော်အတွင်း၌ မတရားမှုများနှင့် လိမ်လည်လှည့်ဖြားမှုများ မရှိစေရန် အထူးစီမံတော်မူလေသည်။

ကုန်သည်ပွဲစားတို့သည် အလေးတင်းတောင်း ချိန်ခွင်တို့မှစ၍ မှန်ကန်တိကျအောင် စစ်ဆေးအသုံးပြုစေပြီးလျှင် အလေးမမှန် တောင်းမမှန်သူများကို ဖမ်းဆီးမိပါက ကြီးလေးသော ပြစ်ဒဏ်ကို ပေးတော်မူသည်။ ထို့ကြောင့် ဓားပြမှုမှစ၍ ရာဇဝတ်မှုများ ကင်းရှင်းလျက် တိုင်းပြည်တွင် လွန်စွာအေးချမ်းသာယာမှုရှိလှ၏။

ကျော်စွာစာပေ

ထိုသို့ နိုင်ငံတော်တွင် အမှုအခင်းနည်းပါးခြင်းအတွက် ဘုရင်မင်းမြတ်လည်း များစွာ ဂုဏ်ယူတော်မူလျက် ရှိ၏။

တစ်နေ့တွင် ဘုရင်မင်းမြတ်သည် ညီလာခံသဘင်ရှိ မှူးမတ်တို့အား ...

"အို မှူးမတ်အပေါင်းတို့ ... ငါကိုယ်တော်၏နိုင်ငံတော်သည် သူခိုးဓားပြ ရန်ဘေးမှလည်း ကင်းဝေးတော်မူဘိသည်၊ တိုင်းသူပြည်သားတို့သည် အလေးတင်းတောင်းမှစ၍ အမှန်အကန် ခိုးယူခြင်းမရှိ၊ မတရားမှုမှ ကင်းဝေးဘိသည်၊ ရှေးရှေးဘိုးလောင်းတော်, ဘေးတော်လောင်းဖြစ်တော်မူကြကုန်သော ဘုန်းရှင်မင်းတရားတို့လက်ထက်ကကဲ့သို့ ငါကိုယ်တော်၏နိုင်ငံတော်သည်လည်း အေးချမ်းသာယာရှိလှဘိ၏။ အို အမတ်ပညာရှိကြီး ... ငါ၏နိုင်ငံတော်သည် မှဲ့တစ်ပေါက်မစွန်း, ခိုးသားအစရှိသော ဒုစရိုက်ကောင်တို့၏အညစ်အကြေးမှ ကင်းဝေးတယ်မဟုတ်လား အမတ်ကြီးရဲ့"

မိန့်တော်မူလေသည်။

ထိုစကားကိုကြားရသော ပညာရှိအမတ်ကြီးသည် စဉ်းစားမိသည်။ မည်သည့်နိုင်ငံမဆို မတရားမှုမှ မှဲ့တစ်ပေါက်မစွန်း ကင်းစင်ခဲလှဘိသည်။ ရှေးရှေးသော မင်းမြတ်တို့၏လက်ထက်က

ပင် မွဲပေါက်မစွန်း၊ လုံးဝအပြစ်ကင်းစင်သည်ဟု မဆိုနိုင်။ ငါ သည် မင်းလိုလိုက်၍ မင်းကြိုက်ကိုကြည့်ကာ တိုင်းပြည်အေးချမ်း သာယာရှိကြောင်းနှင့် မွဲတစ်ပေါက်မစွန်းကြောင်း လိုက်လျော၍ လျှောက်တင်ခဲ့သော် ဘုရင်မင်းမြတ်သည် ဝမ်းသာအားရ ရှိတော် မူမည်ဖြစ်၏။ တိုင်းပြည်ဝန်ကို ရှေ့တန်းက ထမ်းရွက်နေကြသော ငါတို့သည်လည်း နာမည်ကောင်းရကြမည် ဖြစ်၏။ သို့သော် တိုင်းပြည်တွင်း လိမ်လည်လှည့်ဖြား၍ စားသောက်နေကြသော လူလိမ်လူညစ်တို့အား ဖုံးဖိထားရာကျပေလိမ့်မည်ဟု စဉ်းစားမိပြီး နောက် ...

"အရှင်မင်းမြတ် ... မည်သည့်တိုင်းပြည်မဆို မွဲပေါက် မစွန်းအောင် အပြစ်မှ ကင်းစင်ခဲဘိ၏။ အတိုင်းတိုင်းအပြည်ပြည် မှာ မရိုးသားသော ကုန်သည်များ၊ အမှုလုပ်များ၊ အမှုထမ်းများ ရှိမြဲသာ ဖြစ်ပါသည် ဘုရား။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော ဘုရင်မင်းမြတ်များရဲ့ အုပ်ချုပ်မှုဝါဒနဲ့ အစီအမံ အကွပ်အကဲ ကောင်းပါမှ ပြည်သူများတို့ သက်သာရာရနိုင်ပါတယ်၊ သို့ပေမယ့် ဖမ်းဆီး၍မမိနိုင်သေးသော မတရားမှုများလည်း ရှိပါသေးသည် ဘုရား။ အရှင်မင်းမြတ်၏နိုင်ငံတော်တွင်လည်း လိမ်လည်စား သောက်သူများသည် အခြားသူများမဟုတ်ပါ၊ ပန်းထိမ်သည်

များသာ ဖြစ်ပါတယ် ဘုရား''

လျှောက်တင်လေသည်။

ပညာရှိအမတ်ကြီး၏စကားကို ကြားတော်မူသောအခါ ဘုရင်မင်းမြတ်သည် များစွာအံ့ဩတော်မူလျက် ...

''အို အမတ်ပညာရှိကြီး ... သင်၏စကားကို ရှင်းလင်းအောင် ထပ်မံ၍လျှောက်တင်ဘိတော့''

ထိုအခါ ပညာရှိအမတ်ကြီးက ...

''မှန်လှပါ ဘုရင်မင်းမြတ် ... ပန်းထိမ်သည်တို့သည် မည်မျှပင် ရိုးသားစွာလုပ်ကိုင်သည်ဖြစ်စေ တစ်နည်းနည်းဖြင့် ရွှေကိုခိုးယူနေကြသည်ဟု လူတိုင်း ယူဆနေကြပါတယ်၊ ပန်းထိမ်သည်ဆိုသည်မှာ အမိ, သမီး, နှမသားချင်းတို့ရဲ့ လက်ဝတ်တန်ဆာများကိုပင် မရှောင်ကြဥ်ဘဲ ခိုးယူနေကြတယ်လို့ ဆိုရိုးစကားရှိပါတယ် ဘုရား၊ အကယ်၍ ခိုးယူရန်မေ့လျော့ခဲ့သော် ညအခါတွင် အိပ်မပျော်နိုင်ကြဟု ဆိုပါတယ်၊ နားဆင်တော်မူပါ ဘုရား ...၊

ရွာတစ်ရွာမှာ ပန်းထိမ်သည် အဘိုးအိုတစ်ယောက် ရှိပါတယ် ဘုရား၊ ထိုပန်းထိမ်သည်ဟာ အိုမင်းမစွမ်းရှိပြီဖြစ်သောကြောင့် ပန်းထိမ်အလုပ်ကို မလုပ်နိုင်တော့လို့ ဆိုင်မှာပင်

ထိုင်လျက် မိမိ၏တစ်ဦးတည်းသောသားဖြစ်သူကို ပန်းထိမ် လုပ်ငန်း သင်ကြားပေးခဲ့ပါတယ်၊ သားဖြစ်သူလည်း မကြာမီမှာ ပင် အဖေ့လက်ရာအတိုင်း ပန်းထိမ်လုပ်ငန်းကို တတ်ကျွမ်း နားလည်ခဲ့ပါတယ် အရှင်မင်းမြတ်၊ ဒါပေမဲ့ ပန်းထိမ်ဆရာတို့ ဓမ္မတာအလေ့အထဖြစ်တဲ့ ရွှေလိမ်ခြင်းပညာကို နားမလည်ရှာဘဲ ရှိနေသေးလို့ သူ့ဖခင်က မျက်နှာမလွှဲသေးဘဲထားပါတယ် …၊

တစ်နေ့မှာ အဘိုးအိုရဲ့သမီးဖြစ်သူကလည်း အိမ် ထောင်ကျပြီဖြစ်တဲ့အတွက် ယောက္ခမအိမ်ကို လိုက်ပြီးနေထိုင် ရတယ်၊ သမီးဖြစ်သူဟာ သူ့အတွက် လက်ဝတ်တန်ဆာများ လုပ်လိုတာကြောင့် မိမိမောင်ဖြစ်သူ ပန်းထိမ်သည်ကိုသာ ယုံ ကြည်ထိုက်တယ်လို့ယူဆပြီး မောင်ဖြစ်သူရဲ့လက်သို့ ရွှေများကို အပ်နှံကာ အနီးမှာထိုင်ကာ လက်ဝတ်တန်ဆာများကို လုပ်ကိုင် စေပါတယ်၊ အဲဒီအချိန်မှာ ဖခင်ဖြစ်သူ ပန်းထိမ်သည် အဘိုးအို လည်း အနီးမှာပဲ ရှိနေပါတယ်ဘုရား …၊

အဲဒီမှာတင် အဘိုးအိုဟာ ဒီလိုစဉ်းစားပါတယ်၊ ငါရဲ့ သားဖြစ်သူကို ရွှေကိုခိုးယူရန် အရိပ်နိမိတ်ကို ပြောခဲ့ပါက သမီး သိလိမ့်မယ်၊ တကယ်လို့ မပြောခဲ့ရင်လည်း သားသည် မိမိနှမ ဥစ္စာဟု ထင်မြင်လျက် ရွှေကို ခိုးယူခြင်းလုပ်မည်မဟုတ်ဟု

တွေးလာပြီးနောက် တစ်စုံတစ်ခုသော နည်းပရိယာယ်ပြုရန် ချက်ချင်း အကြံထုတ်ပါတော့တယ်၊ ဒါနဲ့ ... အဘိုးအိုဟာ သမီးဖြစ်သူရဲ့ လက်ကောက်ကိုကိုင်ပြီး ...

"အို သိကြား သိကြား ... အလုံးစုံသောသူတို့သည် အရှင်၏အတုသို့ လိုက်၍လုပ်ကြကုန်သည်"

အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဆိုနေပါတော့တယ်၊ သမီးဖြစ်သူကလည်း မိမိဖခင်သည် အသက်ကြီးရင့်လာသောကြောင့် ကယောင်ကတမ်း သိကြားမင်းအား တလျက်ရှိသည်ဟု ထင်မှတ်နေပါတယ်၊ သားဖြစ်သူမှာလည်း လူပါးဖြစ်တဲ့အတွက် ဖခင်သည် ရွှေကိုခိုးယူစေလိုကြောင်းဆန္ဒကြောင့် ယင်းသို့ ပရိယာယ်ပြုတယ်လို့ ယူဆလိုက်ပြီး ဖခင်စကားအဲတိုင်း လက်ကောက်ကို အချောကိုင်ဟန်နဲ့ လက်ကောက်မှ ရွှေတို့ကို အောက်သို့ ခြစ်၍ ချတော့တာပါပဲ ...၊

သမီးဖြစ်သူပြန်သွားတဲ့အခါ သားဖြစ်သူက ...

ဖခင်သည် သိကြား၊ သိကြားဟု အကြိမ်ကြိမ် ရွတ်ဆိုတယ်၊ အဓိပ္ပာယ်က ဘာကိုဆိုလိုတာလဲ ဖခင်လို့ မေးပါတယ်၊ အဲဒီမှာ ဖခင်က ... ချစ်သား၊ သိကြားမင်းသည် အသူရာတို့ကို တိုက်ခိုက်သိမ်းတော်မူတယ်၊ ငါတို့သည်လည်း သိကြားမင်း နည်း

တူ ပြုရလုပ်ရမယ်လို့ သင့်အား ငါ သတိပေးတာပါ၊ သားက လည်း ကျွန်တော်လည်း ဖခင်စကားရဲ့အဓိပ္ပာယ်ကို သည်အတိုင်း ထင်တာနဲ့ နမဖြစ်သူရဲ့ လက်ကောက်ကို အချောကိုင်ဟန် ဆောင်ပြီး ရွှေတွေကို အောက်ကို ခြစ်ချနေခဲ့ပါတယ် ဖခင်လို့ ပြန်ပြောပါတယ် အရှင်မင်းမြတ် …၊

အဲဒီအခါ ပန်းထိမ်သည်အဘိုးအိုဟာ သားဖြစ်သူရဲ့ လိမ္မာပါးနပ်ခြင်းကို နှစ်သက်သဘောကြပြီး အဲဒီနေ့ကစလို့ မိမိ အလုပ်တာဝန်မှန်သမျှကို မိမိသားအား စိတ်ချလက်ချ လွှဲအပ် လိုက်ပါတော့တယ် အရှင်မင်းမြတ်''

ဤသို့ ရွှေပန်းထိမ်သည်တို့၏ ထုံးတစ်ရပ်ကို လျှောက် စာင်လိုက်လေသည်။ ပြီးမှ ဆက်လက်၍ …

''အို အရှင်မင်းမြတ် … ပန်းထိမ်သည်တို့သည် အကြွင် မျှလောက်ကာလပတ်လုံး ရွှေခိုးမတတ်သေး၊ ထိုမျှလောက်သာ ကာလပတ်လုံး ပညာမပြည့်စုံသေးဟု ယူဆကြပါတယ် ဘုရား၊ ပန်းထိမ်ပညာကို ကျွမ်းကျင်လေလေ ရွှေခိုးကျွမ်းကျင်လေလေ ဖြစ်ပါတယ်၊ ဒါကြောင့် ရှေးနီတိဆရာတွေက အကြွင်သူခိုးသည် ပစ္စည်းရှင်တို့၏ မျက်မှောက်မှာပင် ခိုးယူသည်၊ သို့သော် ပစ္စည်း ရှင်များ မသိနိုင်သောသူခိုးသည် ပန်းထိမ်သည်သာ ဖြစ်ပေသည်

လို့ ဆိုကြပါတယ် အရှင်မင်းမြတ်”

လျှောက်တင်လေသည်။

ပညာရှိအမတ်ကြီး၏ လျှောက်တင်ချက်ကို ကြားသော အခါ ဘုရင်မင်းမြတ်သည် များစွာ စိတ်မကောင်းဖြစ်လျက်–

“အို အမတ်ပညာရှိကြီး ... ပန်းထိမ်သည်များ ဖြောင့်မတ်ရိုးသားစွာ ပြုလုပ်နိုင်ရေးအတွက် သင့်သည့်ထင်သော အစီအမံတို့ကို ပြုလုပ်ဘိလော့၊ ပြစ်မှုကျူးလွန်သူတို့ကိုလည်း စုံစမ်းပြီး ဖမ်းဆီးအရေးယူဘိလော့”

မိန့်တော်မူလေသတည်း။

❋ ❋ ❋

## ဘုရင်မင်းမြတ်နှင့်လယ်ယာမြေ

ရှေးအခါက ဘုရင်မင်းမြတ်တစ်ပါးသည် တောကစား ခြင်း၌ လွန်မင်းစွာ ဝါသနာထုံတော်မူလေ၏။ မင်းမှုရေးရာကိစ္စ အဝဝတို့တွင် စီရင်ဆောင်ရွက်တော်မူရင်း ပင်ပန်းတော်မူသည့် အခါများတွင် မကြာခဏ တောကစားထွက်တော်မူခြင်းဖြင့် စိတ် တော်ကို ရွှင်လန်းတော်မူစေခဲ့ရသည်။

ဘုရင်မင်းမြတ်သည် တောတိရစ္ဆာန်အပေါင်းကို သတ် ဖြတ်လိုသော စိတ်သက်သက်နှင့် တောကစားထွက်တော်မူခြင်း မဟုတ်ပေ။ တောတောင်၏ ပင်ကိုသဘာဝအလှကို လွန်စွာ စွဲလမ်းမက်မောတော်မူ၏။ သာယာစိမ်းလန်းရှုမောဖွယ် တော

တန်း၏အသွင်မှာ ခုံမင်စွဲမက်စရာ အဖြာဖြာသော အာရုံကိုဖြစ်စေ၏။ ရဂုံမြိုင်နွယ်စုံတောအလယ်၌ ဘယ်ညာယိမ်းနွဲ့ စိမ်းလဲ့လဲ့နှင့် ပင်နွဲ့မာလာ ပန်းတကာတို့သည်လည်း ဘုရင်မင်းမြတ်၏ ဟာဒယဘဝင်သို့ တောကစားကြွတော်မူချင်အောင် သွေးဆောင်၍ ခညောင်း ခေါ်ငင်နေဘိသကဲ့သို့ ရှိနေလေသည်။

သာယာတင့်ဆန်း တောင်ခါးပန်း၌ စိတန်းအဖုံဖုံ ဝတ်မှုန်ဖြာရီ ရာသီငုံ့လင့် မငုံသလို၊ ငုံသလိုနှင့် ရဂုံပျိုတင့်စေသည့် ပင့်မြင့်မာလာ ပန်းခတ္တာတို့သည်လည်း ဗျာကရာလက်လှမ်းလျက် ဝှေ့ယမ်းနေ၍ ဆက်နေသကဲ့သို့ ရှိဘိ၏။ စုံတောမြိုင်ဖျား၌ ပြေးလွှားပျော်မြူးလျက်နေကြကုန်သော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့သည်လည်း ငွေးချိုပင်ရင်း၌ အုပ်သင်းဖွဲ့ကာ ကြွေကျလာသော ရသာကြွယ်လှ အာဟာရတို့ကို ရွှရွှ စားသောက်နေကြသည့် ရှုကွက်ရှုကွင်းတို့မှာ ဘုရင်မင်းမြတ်အဖို့ အရသာတစ်မျိုးပင် ဖြစ်နေတော့သည်။

ထို့ပြင် တောင်စွယ်ကမ်းစောက်ခါးပန်းလောက်မှ စမ်းပေါက်သည့်ရေအိုင်တွင် သူပြိုင်ငါပြိုင် အနိုင်ယူလျက် ကျေးငှက်သာရကာတို့ ရေဇလာသောက်သုံးလျက်၊ တဝုန်းဝုန်း ပျံတက်သော ငှက်အုပ်ကြီးများကို ရှုမြင်ရသည်မှာလည်း ဩသဝေတတ်

ဆေးကဲ့သို့ ဘုရင်မင်းမြတ်အား ရွှေရင်တော်အေးစေသော အကြောင်းတစ်ရပ် ဖြစ်ဘိ၏။

ဘုရင်မင်းမြတ်သည် ထိုသို့ လှည့်လည်၍ တောကစား ထွက်တော်မူရသော မြိုင်ခွင်ဟောမာ၊ စုံသလာတို့သည် လွန်စွာ ကျဉ်းမြောင်း၍လာသည်ဟု ထင်တော်မူသဖြင့် များစွာသော အိမ်မြေ၊ လယ်မြေ၊ ယာမြေတို့ကို ဖျက်သိမ်းစေပြီး နိုင်ငံတော် ပြုလုပ်၍ တောမြိုင်လျှိုမြောင်အသွင် ပြုပြင်ဖန်တီးတော်မူစေ။ ထိုဥယျာဉ်တော်တို့၌ မိမိမှတစ်ပါး မည်သူမျှ တိရစ္ဆာန်များကို မပစ်၊ မသတ်ရ၊ ဖမ်းဆီးချည်နှောင်ခြင်းမပြုလုပ်ရ။ အကယ်၍ အမိန့်တော်ကို ကျူးလွန်ခဲ့သော် ကြီးလေးသောအပြစ်ဒဏ် ပေးမည်ဟု အမိန့်တော်မှတ်လေသည်။ အစောင့်အကြပ် ရဲမက်များကိုလည်း စောင့်ရှောက်စေလေ၏။

ထိုသို့ တောရွာကျေးလက်များကို ဖျက်၍ အမဲလိုက်ရန် မြိုင်ဟောမာတောများအဖြစ်သို့ ပြောင်းလဲပစ်စေသော ဘုရင့် အမိန့်တော်ကို ပညာရှိအမတ်ကြီး ကြားသိတော်မူသောအခါ ဘုရင်မင်းမြတ်သည် တောတောင်များကို လယ်ယာချောင်း မြောင်းနှင့် လူနေအိမ်မြေ ထူထောင်ပေးရမည့်အစား မြို့ရွာတို့ကို တောအတိဖြစ်စေဘိသည်မှာ မလိုလားအပ်သောအကြောင်း ဖြစ်

နေသည်ကို လျှောက်ထားလိုသော်လည်း အကြောင်းမဆိုက်သေး သဖြင့် မတင်လျှောက်ဝံ့သေးဘဲ ရှိနေကြလေသည်။

အဖျက်သိမ်းခံနေကြရသော ရွာသူရွာသားတို့မှာ မကျေမနပ်ကြသော်လည်း အမှန်ကို မတင်ဝံ့ကြဘဲ ပညာရှိအမတ်ကြီးကိုသာ အားကိုးပြုလျက် တစ်နေ့နေ့တွင် ဘုရင်မင်းမြတ်အား ဖျောင်းဖျပေးလိမ့်မည်ဟူသော ယုံမှတ်ကိုးစားကာ ဆိတ်ဆိတ်သာ လျှင် ခေါင်းငုံ့၍နေကြရ၏။

တစ်နေ့သောအခါ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးနှင့်တကွ မှူးမတ်သေနာပတိ နောက်ပါအခြွေအရံများနှင့် အတူ တောကစားထွက်တော်မူလာရာ မြို့င်စပ်သို့ အရောက်တွင် အံ့ဖွယ်သရဲ ထူးကဲစွာသော ရှုခင်းတစ်ခုကို တွေ့မြင်ကြရလေသည်။

ဖမ္ဘူ့သပြေပင်ကြီး နွယ်ပင်ပေါ်၌ အသီးသီးအုပ်ဖွဲ့၍ နားနေကြသော ဇီးကွက်ငယ်အုပ်စုနှစ်စုသည် ဆူညံစွာကြွေးကြော်လျက် တစ်အုပ်နှင့်တစ်အုပ် ထိုးဆိတ်တိုက်ခိုက်နေကြသည်။ တစ်ခါတစ်ရံ တစ်ဖက်တစ်ဖက်စီမှ ဇီးကွက်တစ်ကောင်စီထွက်၍ ထိုးဆိတ်တိုက်ခိုက်ကြ၍ မောသောအခါ ထိုတိုက်ခိုက်သော ဇီးကွက်နှစ်ကောင်သည် မိမိတို့၏ အုပ်တွင်းသို့ ပြန်သွားကြပြီး

နောက်တခြား ဖီးကွက်တစ်ကောင်စီထွက်၍ ထပ်မံထိုးဆိတ် တိုက်ခိုက်ကြပြန်သည်။

ဤသို့သောနည်းဖြင့် အချိန်ပိုကြာမြင့်စွာ တစ်ကောင်စီ လဲလှယ်၍ တိုက်ခိုက်နေကြရာ ဘုရင်မင်းမြတ်နှင့်တကွ နောက်ပါ အခြံအရံတို့သည်လည်း ဖီးကွက်တို့၏ ဘာသာဘာဝ စစ်ပွဲကြီးကို စိတ်ဝင်စားစွာ ငံ့လင့်ကြည့်ရှုနေကြသည်။

ဘုရင်မင်းမြတ်လည်း ဖီးကွက်တို့သည် အမျိုးအနွယ် ချင်း အတူတူဖြစ်ပါလျက် ထိုသို့ စိတ်ဝမ်းကွဲပြားကာ တစ်ဦးကို တစ်ဦး ရန်ငြိုးထားသို၍ အဘယ်ကြောင့် အချင်းချင်း တိုက်ခိုက် နေကြဘိသနည်းဆိုသည်ကို သိလိုသောဆန္ဒ ပြင်းပြတော်မူလေ တော့၏။

သို့နှင့်ပင် အနီးအနားရှိ ပညာရှိအမတ်ကြီးအား ...

"အို အမတ်ကြီး ... သင်သည် အရာရာ၌ နှံ့စပ်သော ဗဟုသုတရှိဘိ၏။ သင်သည် အဟိတ်တိရစ္ဆာန်တို့၏စကားကိုပင် နားလည်သည်ဟု ငါကိုယ်တော် ယုံကြည်တော်မူဘိသည်။ ထို့ ကြောင့် ဤဖီးကွက်ငှက်တို့သည် အဘယ်အကြောင်းကြောင့် အုပ်စုသီးခြားဖွဲ့ပြီး အချင်းချင်း စစ်ခင်းနေကြသနည်း။ ငါကိုယ် တော်မြတ်အား နိမိတ်နှင့်တကွ လျှောက်တင်ဘိလော့"

မိန့်တော်မူလေသည်။

ပညာရှိအမတ်ကြီးသည် ဘုရင်မင်းမြတ်၏အမေးကို ကြားရသောအခါ မိမိစောင့်နေခဲ့ရသောအချိန် ရောက်ခဲ့ပေပြီ။ ကျေးလက်ရွာခြေများ အဖျက်ခံရသော ရွာသူရွာသားဆင်းရဲသားတို့ ရွှေ့ပြောင်းပေးရသောဒုက္ခမှ ကယ်တင်ရပေတော့အံ့ဟု ကြံလျက် ...

"အို ပြည့်ရှင်မင်းမြတ် ... အချင်းချင်း ခိုက်ရန်ဖြစ်ပွားနေသော ဖီးကွက်များအနက် တစ်အုပ်သည် သတို့သားဘက်မှ ဖြစ်ပြီး ကျန်တစ်အုပ်သည် သတို့သမီးဘက်မှ ဖြစ်ပါတယ်ဘုရား၊ သူတို့နှစ်အုပ်သည် သူတို့ဘာသာ သားပေးသမီးယူ မင်္ဂလာလက်ထပ်ပွဲ ကျင်းပနေရာက မင်္ဂလာလက်ဖွဲ့ပစ္စည်းအတွက် တစ်ဖက်နှင့်တစ်ဖက် စကားပြောမတည့်ကြတော့ဘဲ မင်္ဂလာပွဲမှ စစ်ပွဲသို့ အသွင်ပြောင်းသွားရကြောင်းပါ ဘုရား ...၊

သတို့သားဘက်မှ ဖခင်ဖြစ်သူ ဖီးကွက်ကြီးက သင်တို့၏ ကတိအတိုင်း သင်တို့ဘက်မှ လက်ဖွဲ့ပစ္စည်းအဖြစ် တောင်ပေါင်း ၄၀ ပေးရမည်၊ ယခုတော့ ၄၀ မပြည့်၍ ကတိပျက်သဖြင့် သင်တို့သမီးကို ပြန်ခေါ်သွားရမည်လို့ ပြောပါတယ် ဘုရား၊ ဒီအခါ သတို့သမီးဖခင်က ယခုအချိန်မှာ ငါတို့ထံ ဤမျှလောက်

သောသစ်တော မရှိတော့ပါ။ ဒါပေမဲ့ နောင်အခါ ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မယ်လို့ ဆိုပါတယ်ဘုရား။ ဒါကို သတို့သားဖခင်က မကျေမနပ်ဖြစ်ပြီး ယခုမှ မပေးနိုင်ခဲ့သော် နောင်အခါ ဘယ်က ရလို့ ပေးနိုင်မှာတဲ့လဲဟု ဆိုပါတယ် ဘုရား ...၊

ဒီတော့ သတို့သမီးဖခင် ဖိုးကွက်ကြီးက ငါတို့ရဲ့ဘုရင်မင်းမြတ်ဟာ တောကစား အလွန်ဝါသနာကြီးပါတယ်၊ ယခုအခါမှာ တောလက်ကျေးရွာ အိမ်ခြေတွေကို ဖျက်သိမ်းပြီး ဤမျှလောက်ကျယ်ဝန်းသော တောတို့ကို ပြုစုပျိုးထောင်စေပြုပြီး အစောင့်ရဲမက်များနှင့် ထားတော်မူနေပါတယ်၊ နောင်အခါ ကျေးလက်တောရွာတွေကို ဒီထက်ပိုပြီး ဖျက်သိမ်းကာ သစ်တောများကို ပိုမိုစိုက်ပျိုးချဲ့ထွင်ပါလိမ့်မယ်၊ အဲဒီအခါကျတော့ သစ်တောလေးဆယ်သာ မဟုတ်၊ သစ်တောငါးဆယ်လည်း ရနိုင်ပါလိမ့်မယ်လို့ ဆိုပါတယ် ဘုရား ...၊

ဒါပေမဲ့ ... သတို့သားဖခင်က ဒီစကားကိုလည်း မကျေနပ်ပါ၊ ဘုရင်မင်းမြတ်သည် ကျေးလက်တောရွာများကို ဒီလိုသာ ထပ်ကာထပ်ကာ သိမ်းပိုက်ဖျက်ဆီးပစ်နေလျှင် လူတွေ ဘယ်မှာ သွားနေရမည်နည်း၊ သင့်စကားသည် ယုံကြည်စရာ မဟုတ်ဟု ဆိုလျက် အချင်းချင်းစကားများကြရာမှ ယခုလို

တိုက်ခိုက် ထိုးဆိတ်နေခြင်းဖြစ်ပါတယ် အရှင်မင်းမြတ်''

လျှောက်တင်လိုက်လေသည်။

ပညာရှိအမတ်ကြီး၏ လျှောက်တင်စကားကို ကြားရသောအခါ ဘုရင်မင်းမြတ်သည် မိမိ၏အမှားကို သတိရတော်မူလေသည်။

''အမတ်ကြီးသည် ငါ့ကို သတိရစေလို၍သာ ကြံစည်တင်လျှောက်ခြင်း ဖြစ်တန်ရာ၏၊ သည်လိုသာ ကျေးရွာများကို ဖျက်သိမ်းစေခြင်းမှာ ငါ့အကျိုးအတွက်သက်သက်မျှသာ ပြည်သူအားလုံးကို ကြိမ်မီးအုံးသကဲ့သို့ ဖြစ်စေရာရောက်နေဘိ၏၊ ပြည်သူပြည်သားတို့လုပ်ကိုင်သော လယ်ယာကိုင်းကျွန်းတို့ကိုလည်း ငါ သိမ်းပိုက်မိလေပြီ၊ ငါ၏အခွန်တော်သည် ထိုလယ်ယာကိုင်းကျွန်းတို့မှ ရလျက်ရှိရာ ငါသည် ငါ့အကျိုးအတွက် ကျေးရွာများကို ဖျက်သိမ်းမိခြင်းကား ငါ၏မိုက်မဲခြင်းပင် ဖြစ်ဘိ၏''

နောင်တကြီးစွာရတော်မူလာ၏။ သို့နှင့်ပင် ဘုရင်မင်းမြတ်သည် ထိုနေ့အဖို့ တောကစားခြင်းမပြုတော့ဘဲ ရွှေနန်းတော်သို့သာ ပြန်ခဲ့တော်မူလေသည်။

နောက်တစ်နေ့ညီလာခံသဘင်သို့ ရောက်သောအခါ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးအား ...

ကျော်စွာစာပေ

"အို ပညာရှိအမတ်ကြီး ... မနေ့က သင်လျှောက်တင်ခဲ့သောစကားသည် ငါကိုယ်တော်မြတ်အား များစွာ သတိသံဝေဂကို ဖြစ်စေဘိသည်၊ ငါကိုယ်တော်မြတ်သည် မိမိအကျိုးအတွက် ပြည်သူတို့၏ဥစ္စာစည်းစိမ်များကို ဖျက်ဆီးမိချေ၏၊ ဘိုးဘေးစဉ်ဆက်မှ နေထိုင်လာခဲ့ကြသော အိုးခြေ အိမ်ခြေတွေ, မိဘဘိုးဘွားတို့၏အမွေအနှစ် လယ်ယာမြေတွေကို ငါဖျက်သိမ်းမိချေသည်၊ ငါသည် မိမိကို အခွန်ဆက်သ၍ လုပ်ကျွေးလာခဲ့ကြသော ပြည်သူကျေးဖူးရှင်အများကို ပြစ်မှားခဲ့မိလေပြီ၊ ကျေးလက်တောရွာအိမ်ခြေတို့ကို ဖျက်သိမ်းမိခြင်းသည် ငါ့တွင် ကြီးလေးသော အပြစ်ရှိနေပေတော့သည်၊ ကျေးလက်နေပြည်သူတို့သည် ကြီးစွာသောဒုက္ခ ဖြစ်ကြရကုန်သည် မဟုတ်လော"

နောင်တကြီးစွာဖြင့် မိန့်တော်မူ၏။

ထိုအခါ ပညာရှိအမတ်ကြီးက အခွင့်အခါသင့်သဖြင့်

"အို အရှင်မင်းမြတ် ... တိုင်းပြည်အုပ်ချုပ် မင်းလုပ်သောဘုရင်တို့မည်သည် ပြည်သူပြည်သားတို့အပေါ်တွင် အဘယ်သို့ကျင့်အပ်သော မင်းတို့ကျင့်သည့်တရားများသာ ရှိပါ၏အရှင်မင်းမြတ်၊ ပြည်သူပြည်သားတို့ကို ကောင်းစွာ စောင့်ရှောက်ခြင်းသည် နတ်ရွာသုခပေးနေသူလည်း မည်ပါသည်၊ လောကတွင်

ထင်ရှားကျော်စောခြင်း, အခြံအရံများခြင်း, ဘဏ္ဍာတိုက်ကို အမြဲတိုးပွားခြင်း ဖြစ်စေသောသူလည်း မည်ပါဘိသည်၊ ထိုသို့ မဟုတ်ပါက တိုင်းသူပြည်သားလူအများကို နှိပ်စက်နေသူသည် ဥစ္စာပစ္စည်းတို့ကိုသာမက လူတို့၏ကိုယ်ကျင့်တရားကို ဖျက်ဆီးနေသူ မည်ပါသည်၊ ထို့ပြင် မကောင်းမှုကို ပွားများစေကာ ဂုဏ်သတင်းလျော့ကျ ဆိတ်သုဉ်းခြင်းများကို တစ်ခုပြီးတစ်ခု ကျူးလွန်ဖန်တီးနေသူလည်း မည်ပါသည် အရှင်မင်းမြတ် . . .။

အို အရှင်မင်းမြတ် . . . မိုက်မဲသော ဘုရင်မင်းမြတ်သည် မိမိ၏မိုက်မဲမှုကြောင့် တိုင်းသူပြည်သားနှင့်တူသော နွားကို သတ်၍ စားသည်၊ ထိုနွားကို ဆင်းရဲဒုက္ခများပေးသည်၊ ထိုဘုရင်သည် တစ်ကြိမ်သာလျှင် မိမိ၏အာသာဆန္ဒရောင့်ရဲမှုကို ရသည်။ နောက်တစ်ကြိမ်ရောင့်ရဲမှုကို ထပ်မံပြီးမရနိုင်တော့ပါ၊ နွားသည် အသက်ရှင်နေပါက ထိုနွား၏လုပ်အားကို နေ့စဉ်နေ့စဉ် ရနိုင်ပါ၏။ နွားကိုသတ်၍ စားလိုက်ခြင်းသည် တစ်ရက်အတွက်သာ ဝမ်းဗိုက်ပြည့်ဝအောင် စားရဘိသည်၊ ထို့အတူ တိုင်းသူပြည်သားကို နှိပ်စက်ညှဉ်းပန်းသောဘုရင်သည် တစ်ကြိမ်သာလျှင် အလိုရှိသော ဥစ္စာပစ္စည်းကို ရနိုင်ဘိ၏။ နောက်တစ်ကြိမ် မရနိုင်တော့ပါ အရှင်မင်းမြတ် . . .။

ကျော်စွာစာပေ

အကြွင်မင်းတစ်ပါးသည် တိုင်းသူပြည်သားတို့ထံမှ အကျိုးစီးပွားအလိုရှိခဲ့သော ဓမ္မဥပါယ်၊ ဒါနဥပါယ်၊ သံဃဥပါယ် စသည်တို့ဖြင့် ပြည်သူပြည်သားတို့ကို ယဥ်ကျေးသိမ်မွေ့စွာ စောင့်ရှောက်၍ ကျွေးမွေးပြုစုရာဘိ၏။ ဥပမာလျှောက်တင်ရသော် ဥယျာဉ်မှူးသည် ရေနှင့်မြေဩဇာ အစရှိသည်တို့ဖြင့် သွန်းလောင်း ဖြည့်တင်ပေးခြင်းအားဖြင့် အပင်ငယ်များကို စောင့်ရှောက်ရာဘိ သည်၊ ထို့နောက်မှသာ လိုရာအသီးအရွက်ကို ဆွတ်ခူးစားသုံးရ ဘိ၏ ...။

အို အရှင်မင်းမြတ် ... မီးအိမ်သည် မိမိ၏မီးစာဖြင့် ဆီကို တဖြည်းဖြည်း စုပ်ယူလျက်ရှိသည်ကို တစ်စုံတစ်ယောက် မျှ မသိမမြင်ကြချေ။ ထို့အတူသာလျှင် ဘုရင်မင်းတို့သည် မိမိ၏ သန့်ရှင်းစင်ကြယ်သောစိတ်ဖြင့် ပြည်သူပြည်သားတို့၏အကျိုးကို လိုလားခြင်း၊ ပြည်သူပြည်သားတို့အား စောင့်ရှောက်ထိန်းသိမ်း မှု၌ လိမ္မာခြင်း၊ ဒါန သီလစသော ဂုဏ်တို့ဖြင့်သာ ပြည်သူပြည် သားတို့ထံမှ ဥစ္စာကြေးငွေများကို အလိုလို စုပ်ယူနေသည်ကို မည်သူမျှ မသိနိုင်ချေ ...။

ဘုရင်မင်းတို့၏ သလေးစပါး ဆန်ရေ ရတနာရွှေငွေ အမျိုးမျိုးနှင့် ဆင် မြင်း ကျွဲ နွား စသော အသုံးအဆောင်

ပစ္စည်းဥစ္စာတို့သည် ရှိကုန်ဘိသည်၊ ထိုအလုံးစုံတို့သည် ပြည်သူတို့၏ထံမှသာ ရကုန်ဘိသည်၊ အို အရှင်မင်းမြတ် ... အကြင်ဘုရင်သည် တိုင်းသူပြည်သားတို့ကို မေတ္တာကရုဏာရှေ့ထား၍ ပြုပြင်ပေးသည်ဖြစ်အံ့၊ ထိုဘုရင်အား ဥစ္စာပစ္စည်းတို့သည် နေ့စဉ်နှင့်အမျှ တိုးပွားလျက်သာရှိဘိသည်၊ အကြင်ဘုရင်သည် မိမိအကျိုးကိုသာ ရှေ့ရှု၍ ပြည်သူတို့အား နှိပ်စက်ကလူပြုနေအံ့၊ ပြည်သူအားလုံး ညှိုးချုံးကြုံလှီအောင် ဒုက္ခပေးလျက်ရှိသည်၊ ထိုဘုရင်သည် မကြာမီ မိမိအလိုလိုသာလျှင် ပျက်စီးရဘိတော့သည်၊ ဤသို့ ပျက်စီးခြင်း၌ သံသယမရှိထိုက်ပါ၊ မချွတ်ကေန်ပျက်စီးရမည်သာ ဖြစ်ပါသည် အရှင်မင်းမြတ် ...၊

ကမ္ဘာဦးမဟာသမ္မတမင်းမှစ၍ မင်းအဆက်ဆက်တို့သည် ပြည်သူပြည်သားတို့ ကောင်းမွန်စွာ နေထိုင်နိုင်ရေးအတွက် တောတောင်တို့ကို ရှင်းလင်းသုတ်သင်၍ မြို့ရွာတည်ထောင်ပေးခဲ့ကြဘိ၏၊ လယ်ယာမြေတို့ကို ချဲ့ထွင်ပေးကြဘိ၏၊ မြို့ရွာတို့ ကျယ်ဝန်းလျက် လယ်ယာကိုင်းကျွန်းများ တိုးပွားကျယ်ပြန့်လာသည်နှင့်အမျှ ဘုရင်၏ ဘုန်းတန်ခိုးအာဏာနှင့်တကွ အခွန်ပဏ္ဏာများလည်း တိုးတက်လာဘိ၏၊ အရှင်မင်းမြတ်မှာမူကား ရှေးမင်းများ၏ဝါဒကို ဆန့်ကျင်ကာ မြို့ရွာတို့ကို ဖျက်ဆီး၍

တောတောင်များဖြစ်အောင် ဖန်တီးနေသောကြောင့် တန်ခိုးအာဏာနှင့် အစွန်ဘဏ္ဍာများလည်း ဆုတ်ယုတ်လျော့ပါးအောင် လုပ်နေသကဲ့သို့ ရှိနေဘိ၏၊ အရှင်မင်းမြတ်သည် လမ်းမှားကို လိုက်နေသောကြောင့် တောတောင်ရှိ ဖီးကွက်ငှက်များကပင် အရှင်မင်းမြတ်၏ ဘုန်းတန်ခိုးယုတ်လျော့မည့်အရေးကို စိုးရိမ်ကြောင့်ကြကာ ယင်းကဲ့သို့ ဖီးကွက်စစ်ပွဲခင်းကျင်း၍ သတိပေးနေကြဟန် ရှိသည် အရှင်မင်းမြတ်''

လျှောက်တင်လိုက်လေသည်။

ထိုအခါ ဘုရင်မင်းမြတ်လည်း လွန်စွာ သတိသံဝေဂ ရရှိတော်မူပြီးလျှင် ...

''အို အမတ်ပညာရှိကြီး ... သင်၏လျှောက်တင်ချက်များသည် လွန်စွာနက်ရှိုင်းလှသော သမုဒ္ဒရာ၏အောက်မှ မြတ်လှသော ရတနာတို့ကို ထုတ်ယူ၍ပြသကဲ့သို့ ရှိလေတော့၏၊ ခရီးလမ်းမှားနေသူအား လက်ကိုကိုင်ဆွဲ၍ ဤသည်သာလျှင် လမ်းမှန်ပဲဟု ညွှန်ပြပေးသကဲ့သို့ ရှိဘိ၏၊ ယနေ့မှစ၍ ဖျက်သိမ်းခြင်းခံခဲ့ရကုန်သော ကျေးရွာဇနပုဒ်များကို မူလအတိုင်း ပြန်လည် နေရာချထားပေးကြရမည် ...၊

နောက်နောင်တွင် ငါ၏အမှားကို ဤသို့ အချိန်ကြာ

မြင့်စွာ စောင့်မနေဘဲ ချက်ချင်းလျှောက်တင်ရမယ်၊ ဤသို့ လျှောက်တင်ခြင်းအတွက် တစ်စုံတစ်ရာအပြစ် မရှိစေရ၊ ငါ သည်းခံတော်မူမည်''

မိန့်တော်မူလေသတည်း။

* * *

## အချောဆုံး အလှဆုံးဟူသည်

ရှေးလွန်လေပြီးသောအခါ ဘုရင်မင်းမြတ်သည် မိမိ၏ နန်းတော်နန်းမဆောင်တွင် တူတော်မင်းသားတစ်ပါး၏ မင်္ဂလာလက်ထပ်ပွဲသဘင် ကျင်းပတော်မူလေသည်။

ထိုမင်္ဂလာလက်ထပ်ပွဲသို့ မြို့စား၊ နယ်စား၊ မှူးကြီးမတ်ရာ သေနာပတိများနှင့် သူဌေးသူကြွယ်တို့သည် မိမိတို့၏ ဇနီးများနှင့်အတူတကွ ရောက်လာကြလေ၏။ အဖိုးထိုက် အဖိုးတန် လက်ဝတ်ရတနာများကို ဝတ်စားဆင်ယင်လာကြသည်။ ထိုသို့ လာရောက်သော ပရိသတ်ထဲတွင် ပညာရှိအမတ်ကြီးတို့ ဇနီးမောင်နှံလည်း ပါဝင်လေသည်။

ကျော်စွာစာပေ

ဘုရင်မင်းမြတ်သည် ကြွရောက်လာကြသော ဧည့်ပရိသတ်တို့အား စောင်းညှင်းတူရိယာများနှင့်တကွ အစားအသောက်အမျိုးမျိုးတို့ဖြင့် ဧည့်ခံကျွေးမွေးတော်မူသည်။

ဘုရင်မင်းမြတ်သည် မင်္ဂလာနန်းဆောင်တွင်းဝယ် ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော ရတနာပလ္လင်ထက်တွင် စံနေတော်မူလျက် တစ်တွဲစီ၊ တစ်တွဲစီ ရောက်ရှိလာကြသော မင်္ဂလာပွဲလာ မင်းပရိသတ် ဧည့်သည်တော်စုံတွဲများကိုအကဲခတ် ရှုစားလျက် နေတော်မူလေသည်။

ထိုသို့ ရှုစားတော်မူလျက်ရှိစဉ် ပညာရှိအမတ်ကြီးတို့ဇနီးမောင်နှံ စုံတွဲဝင်လာသည့်ဘက်သို့ မျက်နှာတော်မူမိသဖြင့် ပညာရှိအမတ်ကြီး၏ ဇနီးသည်ကို မြင်လိုက်ရသောအခါ ဘုရင်မင်းမြတ်၏ စိတ်တော်တွင် ...

"ပညာရှိအမတ်ကြီး၏ဇနီးမှာ ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံလှဘိ၏။ အမတ်ကြီးသည် ကြင်ရာတော်အရ တော်ပေသည်၊ ငါ၏ မှူးကြီးမတ်ရာ သေနာပတိများနှင့် မြို့စားနယ်စားတို့၏ ဇနီးမယားတို့မှာ ပညာရှိအမတ်ကြီး၏ဇနီးနှင့် မနှိုင်းယှဉ်ထိုက်ပေ၊ အမတ်ကြီး၏ဇနီးမှာ အလွန်ပင် ချောမောလှပသူဖြစ်ဘိသည်၊ အမတ်ကြီးဇနီးသည်ကား ထိပ်တန်းကျလှပါဘိ၏"

တွေးနေမိလေ၏။

ထိုသို့တွေးတောစဉ်းစားနေစဉ်မှာပင် ပညာရှိအမတ်ကြီးလည်း ရှေ့တော်သို့ ရောက်ရှိလာပြီး ဘုရင်မင်းမြတ်အား ခစားကာ ဘုရင်မင်းမြတ်နှင့်အတူ အာလာပသလ္လာပ စကားပြောဆိုနေလေသည်။ ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးအား တီးတိုးသံဖြင့် ...

"အို ပညာရှိအမတ်ကြီး ... သင်၏ဖနီးသည် လွန်စွာချောမောလှပဘိပါ၏။ ကောင်းခြင်းငါးဖြာနှင့်လည်း ပြည့်စုံဘိသည်၊ ကြွရောက်လာကြသော ပရိသတ်တို့၏ဖနီးများထက် သင်အမတ်ကြီး၏ဖနီးက အစစအရာရာ သာလွန်ပြေပြစ်ချောမောလှပါဘိ၏။ သင်အမတ်ကြီး၏ ဖနီးကိုကြည့်ရသည်မှာ မျက်စိပသာဒ ရှိတော်မူလွန်းသဖြင့် ငါကိုယ်တော်မြတ်၏စိတ်တော်မှာပင် အလိုလို ဖြစ်တော်မူဘိလေသည်"

ကျီစယ်စကားကို မိန့်တော်မူလိုက်၏။

ထိုအခါ ပညာရှိအမတ်ကြီးက ...

"အရှင်မင်းမြတ် ... အရှင်မင်းမြတ်၏စိတ်တော် ဤသို့ဖြစ်ရသည်မှာ လောကဓမ္မတာမျှသာ ဖြစ်ပါသည်ဘုရား။ အကြင်မည်သော ယောက်ျားအချို့ ကိုယ့်အိမ်သူမယားကို အခြား

အိမ်သူမများလောက် အာရုံမစူးစိုက်တတ်ကြပါ၊ မျက်စိပဟူသည်မှာ အာရုံအသစ်အဆန်းတို့၌သာလျှင် မွေ့လျော်ပျော်ပါးတတ်ကြပါသည် ဘုရား။ ကျွန်တော်မျိုးတို့သည် အရှင်မင်းမြတ်ကဲ့သို့ပင် ကျွန်တော်မျိုး၏ဇနီးမယားကို အရင်က မိန်းမတကာတို့ထက် အချောဆုံး အလှဆုံးဟုသာ ထင်မြင်ယူဆခဲ့ပါ၏၊ ဒါပေမဲ့ . . . အရှင်မင်းမြတ်၏ မိဖုရားခေါင်ကြီးကို တွေ့မြင်ဖူးမြော်ရသောအခါမှာ ကျွန်တော်မျိုးဇနီးမယား၏ လှပခြင်းကိုပင် မေ့လျော့သွားရပါတော့တယ် အရှင်မင်းမြတ်''

ပြန်လည်လျှောက်တင်လိုက်လေသည်။

ထိုသို့ ပညာရှိအမတ်ကြီးနှင့် ဘုရင်မင်းမြတ်တို့ နှစ်ကိုယ်ကြား တီးတိုးကျီစယ်နေကြသောစကားကို ကြားသိနေကြသော အနီးအနားရှိ မှူးကြီးမတ်ရာတို့သည်လည်း ကျိတ်၍ ရယ်မောကြလေသတည်း။

အောင်ခင်စိုး